**Ministry Of Sports And Youth Affairs**

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

**သတင်းလွှာ**

Monthly Newsletter | Volume 3, No.5 December 2025

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒို၊ ဘိလိယက်နှင့်စနူကာ အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေး





ရန်ကုန်၊ ဒီဇင်ဘာ ၄ ရက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံသို့ ရောက်ရှိရာ အမျိုးသားတစ်ဦးချင်း တီထွင်ကကွက် (freestyle poomsae)၊ ကျား+မ နှစ်ဦး Recognized poomsae pair ပြိုင်ပွဲနှင့် အတိုက်အားကစားနည်း – ၈၀ ကီလိုအောက် ပြိုင်ပွဲတို့အတွက် လေ့ကျင့်နေသော အားကစားသမားတို့၏ ပြသ၊ ယှဉ်ပြိုင်ကစားမှုတို့အား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ရှိ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ ရောက်ရှိပြီး ဘိလိယက်အသင်းလိုက်၊ နှစ်ယောက်တွဲပြိုင်ပွဲများအတွက် ပြိုင်ပွဲအသင့်ယှဉ်ပြိုင်လေ့ကျင့်နေမှုများနှင့် စနူကာတစ်ဦးချင်းပြိုင်ပွဲအတွက် ပြိုင်ပွဲအသင့် ယှဉ်ပြိုင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဆုရရှိသူများကိုဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက 33rd SEA Games ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးဂရုစိုက်ပြီး လေ့ကျင့်မှုများပြုလုပ်ရာတွင် Injury မရရှိအောင် ဂရုစိုက်လေ့ကျင့်ကြရန်၊ သွား/လာနေထိုင်စားသောက်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင် အောင်နိုင်ရေးကိစ္စရပ်များအား အဓိကထားဆောင်ရွက်စေလိုကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရာသီတုပ်ကွေးရောဂါများ ကူးစက်မခံရအောင် အထူးဂရုစိုက်ကာကွယ်ကြရန်၊ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် မိမိပြိုင်ဘက်၏ အားနည်းချက်/အားသာချက်များကို သိရှိနားလည်ပြီး နောက်ဆုံးအကြိမ် နောက်ဆုံးစက္ကန့်အထိ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် အကောင်းဆုံး ကြိုးစားသွားကြရန်၊ အုပ်ချုပ်သူ/နည်းပြများ၏ စီမံကွပ်ကဲမှုများအား လေးစားလိုက်နာဆောင်ရွက်ကြရန်၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် ကိုယ်နှုတ်အမူအရာ အပြုအမူကောင်းများဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တက်စေရန် အမိနိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးနိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် ရွှေတံဆိပ်ဆု ရရှိသူများအား နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုသကဲ့သို့ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်သွားမည်ဖြစ်၍ ကြိုးစားကြရန်မှာကြားခဲ့ပြီး လိုအပ်ချက်များအား ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်

စိတ်ဓာတ်၊ စည်းကမ်း၊

စွမ်းအား၊ စည်းလုံးမှု

စံချိန်၊ စံညွှန်း၊ စံနှုန်း

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး 33rd SEA Games ဝင်ရောက် ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအားကြည့်ရှုစစ်ဆေး၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ အလှူငွေပေးအပ်ပွဲ အခမ်းအနားတက်ရောက်





ရန်ကုန် ၊ ဒီဇင်ဘာ ၅ ရက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများလိုက်ပါလျက် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့ရှိ စခန်းဝင်လေ့ကျင့်နေသည့် အားကစားအဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၊ ဝူရှူးလေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ ပြိုင်ပွဲဝင်ပုံစံ ကစားနေသည့် အားကစားသမားတို့လေ့ကျင့်မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အုပ်ချုပ်/နည်းပြများနှင့် ကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများ၏ ညွှန်ကြားပြသမှုများအတိုင်း လိုက်နာကြရန် ရွှေတံဆိပ်များဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခြင်းလုံးအားကစားရုံတွင် (အမျိုးသား/ အမျိုးသမီး) Event-3 ပြိုင်ပွဲခတ်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် ယှဉ်ပြိုင်အနိုင်ရရှိစေရေး ကြိုးစားကြစေလိုကြောင်း၊ ပြိုင်ပွဲနီးကပ်လာပြီဖြစ်၍ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်၊ 33rd SEA Games တွင် အမိမြန်မာနိုင်ငံတော်အတွက် ပထမဦးဆုံးရွှေတံဆိပ်ကိုရယူပြီး အမိမြန်မာနိုင်ငံတော်၏ အလံကို တိုင်ထိပ်အရောက်လွှင့်ထူနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက် အားကစားသမားများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်ကြပ်ဆီလပ် အားကစားရုံတွင် တစ်ဦးချင်းအလှပြအားကစားနည်း၊ အသင်းလိုက် အလှပြသ ကစားခြင်းနှင့် အတိုက်အားကစားနည်းတို့မှ ပြိုင်ပွဲဝင်ကစားနည်းများ လေ့ကျင့်ပြသကစားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် မိမိပြိုင်ဘက်၏ အားနည်းချက်၊ အားသာချက်များ သိရှိနားလည်ကာ နောက်ဆုံးစက္ကန့်အထိ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် အကောင်းဆုံး ကြိုးစားသွားကြစေလိုကြောင်း၊ ကကွက်များကို အကောင်းဆုံးပြသနိုင်ရန် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံနည်းစနစ်များ ကောင်းမွန်အောင် လေ့ကျင့်ထားစေလိုကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရာသီတုပ်ကွေးရောဂါများကူးစက်မခံရအောင် အထူးဂရုစိုက်စေလိုကြောင်း၊ အချင်းချင်းစည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်နှင့် အကောင်းမြင်စိတ်များထားစေလိုကြောင်း၊ ရွှေတံဆိပ်ဆုများရရှိသူများကို နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးသကဲ့သို့ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်အသီးသီးမှလည်း ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်၍ ဆုတံဆိပ်များရရှိအောင်ကြိုးစားကြပြီး အမိနိုင်ငံတော်၏ ကျေးဇူးကိုဆပ်ကြရန် မှာကြားခဲ့သည်။

ယင်းနောက် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေရေးဦးတည်လျက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံးအဖွဲ့ချုပ်များသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Ms. Ma Jia နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Ms. Ma Jia မှ အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အားကစားသည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးတဲ့ အင်အားတစ်ခုဖြစ်ပါကြောင်း၊ ပြိုင်ပွဲမှာ အားကစားသမားများသည် တရားမျှတစွာ ယှဉ်ပြိုင်ကစားကြပြီး ရွှေတံဆိပ်ဆုများရယူကြသလို ချစ်ကြည်ရင်းနှီးမှုကိုလည်း ရရှိကြပါကြောင်း၊ "ပိုမြန် ပိုမြင့် ပိုသန် ပိုစည်းလုံး" ဆိုသည့် အိုလံပစ်ဆောင်ပုဒ် အဓိပ္ပါယ်ကို ပြသနေခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့် အချိန်အခါသမယဖြစ်ပြီး တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်အတူ အားကစားကို ပေါင်းကူးသဖွယ်အသုံးချ၍ နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုနှင့် ချစ်ကြည်ရေးတံတားများ တည်ဆောက်ကာ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်များသဖွယ်

စာမျက်နှာ ၃ သို့ ►

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၅ ခုနှစ်၊ ရန်ကုန်မြို့ ဒီဇင်ဘာလူထု စုပေါင်းလမ်းလျှောက်ပွဲ ပထမပတ် ပါဝင်ဆင်နွှဲ၍ 33rd SEA Games ဝင်မည့် အားကစားအဖွဲ့အား ကြည့်ရှုအားပေး






ရန်ကုန်၊ ဒီဇင်ဘာ ၆ ရက်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ အမျိုးသားအားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲစေရေး ရည်ရွယ်ကျင်းပသော ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ ပထမပတ်တွင် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အရာရှိများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပေါင်းစုံမှ ပြည်သူများ၊ သူနာပြုတက္ကသိုလ်၊ သဃ်န်းကျွန်း TTC နှင့် ရန်ကင်း TTC တို့မှ ဆရာ/ဆရာမများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၅:၃၀ နာရီတွင် သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး ပြည်သူ့ရင်ပြင်၊ ပြည်လမ်းထွက်ပေါက်မှ စတင်တာထွက်၍ အလုံလမ်း-ဦးဝိစာရလမ်းမှ ပြည်သူ့ရင်ပြင်သို့ ပြန်လည်ပန်းဝင်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲအမှတ်(၁/၂)တို့ကို ပြုလုပ်ကြသည်။ အဆိုပါ လမ်းလျှောက်ပွဲသို့ ပြည်သူလူထု လူဦးရေ (၂၀၀၀) ဦးခန့် ပါဝင်ဆင်နွှဲခဲ့ပြီး လမ်းလျှောက်ပွဲအခမ်းအနားအပြီးတွင် ပါဝင်ဆင်နွှဲကြသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းယားလမ်း၊ မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်လေ့ကျင့်နေသည့် ရိုးရာလှေ၊ အမျိုးသား/အမျိုးသမီး(၁၀)တက်လှော် မီတာ ၅၀၀ နှင့် မီတာ ၂၀၀ ယှဉ်ပြိုင်လှော်ခတ်ရန် လေ့ကျင့်နေမှုများ၊ အပြည်ပြည်ဆိုင်ရာလှေ၊ အမျိုးသမီးလေးယောက်လှော်၊ အမျိုးသမီး(၂)ယောက်လှော်၊ အမျိုးသား(၁)ယောက်လှော်၊ အမျိုးသား(၂)ယောက်လှော်တို့၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ အားကစားသမားများအား လိုအပ်သည်များကို မှာကြားခဲ့ပြီးနောက် ရွှေတံဆိပ်ဆုများဆွတ်ခူး ရရှိအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူအားကစားခန်းမသို့ ရောက်ရှိပြီး လက်ရွေးစင် မွေအားကစားသမားများနှင့် Kickboxing အားကစားသမားများ ပြိုင်ပွဲပုံစံလေ့ကျင့်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတိုင်း အနိုင်ရရှိစေရေးကို နောက်ဆုံးစက္ကန့်အထိ ကြိုးစား

စာမျက်နှာ ၄ သို့ ►

စာမျက်နှာ ၂ မှ အဆက် ►

အေးအတူပူအမျှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့ရဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကာလ တစ်လျှောက်လုံး ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် အားကစားကဏ္ဍအတွက် ကူညီလှူဒါန်းမှု အကြိမ်ပေါင်းများစွာ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လေ့ကျင့်ရေးသုံးပစ္စည်းများအား ယခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ လှူဒါန်းပေးခဲ့သည့်အပြင် နည်းပညာများ၊ ဆောက်လုပ်ရေးနည်းပြများ ပံ့ပိုးပေးခြင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ပြန်လည် ပြုပြင်မွမ်းမံပေးခြင်း၊ မူဆယ်-ရွှေလီ မာရသွန် ဆက်လက်ကျင်းပရန် ညှိနှိုင်းဆောင်ရွက်ခြင်းများအပြင် ယခုထပ်မံ၍ 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံးအားကစားနည်းများအတွက် ထောက်ပံ့လှူဒါန်းမှုများအတွက်အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့လှူဒါန်းသည့် ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ ဘောလုံးအားကစားနည်းများမှ ဆုများဆွတ်ခူးရရှိစေဖို့ မိမိတို့အနေနဲ့ မျှော်မှန်းထားရှိသည့်အတွက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် အားကစားသမားများက နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားကြရန် မှာကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် (၄) ဖွဲ့အား အလှူငွေများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆေးမှူးချုပ် ဒေါက်တာအောင်ကျော်ဦးတို့မှ အသီးသီးလက်ခံရယူခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီး H.E Ms. Ma Jia အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားသမားများနှင့် မြန်မာ့လက်ရွေးစင် ဝူရှူး အားကစားသမားများမှ သရုပ်ပြသပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

# 33rd SEA Games သို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့်အဖွဲ့၊ အုပ်ချုပ်မှုအဖွဲ့နှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များထွက်ခွာ





ရန်ကုန် ၊ ဒီဇင်ဘာ ၇ ရက်

33rd SEA Games တွင် ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဦးဆောင်သည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူနှင့်အဖွဲ့ဝင်တို့သည် ယနေ့ နေ့လည်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်အဖွဲ့ဝင်များ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာအားကစားအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြင်းစီး၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်းနှင့် Rowing အားကစားအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ 33rd SEA Games များ၏ မြားပစ်ပြိုင်ပွဲများတွင် ITO (ဂျူရီ) တာဝန်ထမ်းဆောင်ရန်နှင့် မြန်မာအားကစားအဖွဲ့များ၏ အောင်မြင်မှုဆုတံဆိပ်များ ရရှိနိုင်ရေး၊ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးသည် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချောင်ဘူရီမြို့များသို့ အသီးသီးထွက်ခွာသွားကြရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၃ မှ အဆက် ►

ယှဉ်ပြိုင်ကစားကြရန်၊ အကောင်းဆုံး စွမ်းဆောင်နိုင်ကြစေရေးအတွက် အိပ်ရေးဝဝအိပ်စက်ကြရန်၊ မိမိကိုးကွယ်ရာ ဘာသာတရားကို ရိုသေလေးစားကိုင်းရှိုင်းကြရန်၊ ယခုသွားရောက် ယှဉ်ပြိုင်မည့် 33rd SEA Games တွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိရုံသာမက နောင်လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများပိုမိုရရှိအောင် ကြိုးစားကစားကြရန်နှင့် မိမိတို့ဘဝရည်မှန်းချက်၊ မျှော်မှန်းချက်များအတိုင်း အောင်မြင်မှု ဆုတံဆိပ်များကို ဆွတ်ခူးနိုင်ခြင်းဖြင့် နည်းပြဆရာများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မိမိတို့ဝန်ကြီးဌာနနှင့် အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိ၍ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ 10 m Air Rifle ၊ 50m 3 Position ၊ 10 m Air Pistol ၊ 25 m Sport Pistol နည်းများ လေ့ကျင့်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် စိတ်တည်ငြိမ်စွာဖြင့် အကောင်းဆုံးပစ်မှတ်ရရှိအောင် ပစ်ခတ်၍ အနိုင်ရယူလျက် ဆုတံဆိပ်များ ဆွတ်ခူးရရှိစေရေး ကြိုးစားကြရန်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်သို့ရောက်ရှိရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ကြိုဆိုကြပြီး 33rd SEA Games တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ အစည်းအဝေးခန်းမ၌ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြင်းအလှစီး (Dressage)၊ မြင်းစီးတန်းခုန် (Show Jumping)၊ ခရီးကြမ်းစီးနင်း (Cross Country) သုံးမျိုးပေါင်းဖြစ်သော (Eventing) မြင်းစီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေသည့် လေ့ကျင့်မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးနောက် ယခုသွားရောက် ယှဉ်ပြိုင်မည့် 33rd SEA Games တွင် ယခင်ကထက် ပိုမိုအဆင့်မြင့်မား၍ မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ်ဆုများရရှိအောင် ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

---

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# 33rd SEA Games ဘောလုံးအမျိုးသမီး အုပ်စု(ခ)၏ ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိ






ထိုင်း၊ ဒီဇင်ဘာ ၈

33rd SEA Games ဘောလုံးအမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ)၏ ဒုတိယပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် ချွန်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi) ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်အင်အား (၃၁၆၆) ဦးခန့် တစ်ခဲနက် ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ ဘောလုံးအမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ)၏ ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်း ၄၅ မိနစ်တွင် ဦးဆောင်ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၆ မိနစ် ၃၉ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ် ၈ စန်းသော်သော်က ဦးဆောင်ဂိုးအား သွင်းယူခဲ့ပြီး နောက် ၃၅ မိနစ် ၂၉ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ် ၁၃ တိုက်စစ်မှူး မေထက်လူက ဒုတိယဂိုးအား ထပ်မံသွင်းယူခဲ့ရာ မလေးရှားအသင်းက ချေပဂိုးပြန်လည်ရရှိရေးနှင့် မြန်မာအသင်းက အနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ရေးတို့အတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို ၅ မိနစ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၄၅ မိနစ်အား ယှဉ်ပြိုင်ကစားခဲ့ကြရာ ၆၅ မိနစ် ၄ စက္ကန့်တွင် မြန်မာအသင်းမှ အသင်းခေါင်းဆောင် ကျောနံပါတ် ၇ ဝင်းသိင်္ဂီထွန်းက မြန်မာအသင်းအတွက် တတိယမြောက် အနိုင်ဂိုးအား ထပ်မံသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ချွန်ဘူရီမြို့ရှိ Chonburi Stadium (Chonburi) ၌ ဘောလုံးအမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) မြန်မာအမျိုးသမီးအသင်း၏ တတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ် အသင်း၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ချင်းမိုင်မြို့ရှိ 700th Anniversary of Chiang Mai Stadium (Chiangmai)၌ ကျင်းပမည့် U–22 ဘောလုံးအမျိုးသားပြိုင်ပွဲ အုပ်စု (ဂ) မြန်မာအမျိုးသားအသင်း၏ ဒုတိယနေ့အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန Jeng Phang နော်တောင် South East Asia Games Federation Council Meeting(SEAGF) သို့တက်ရောက်





ထိုင်း၊ ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်၊ ချွန်ဘူရီနှင့်ချင်းမိုင်မြို့များတွင် ကျင်းပပြုလုပ်မည့် 33rd SEA Games အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် South East Asia Games Federation SEAGF Council Meeting အစည်းအဝေးကို Grand Fourwings Hotel ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန Jeng Phang နော်တောင်၊ နိုင်ငံပေါင်း (၁၀) နိုင်ငံမှ အကြီးအကဲများ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့်

စာမျက်နှာ ၆ သို့ ►

# 33rd SEA Games ရိုးရာခြင်းလုံး၊ ကွင်းသွင်းခြင်းခတ်နှင့် ခရစ်ကတ်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲအုပ်စုပွဲစဉ်များ စတင်ကျင်းပ







ထိုင်း၊ ဒီဇင်ဘာ ၉

33rd SEA Games ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်းနှင့် ခရစ်ကတ် (အမျိုးသား/အမျိုးသမီး) အသင်းလိုက် အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Nakhon-pathom Sport Center ၌ ကျင်းပလျက်ရှိသည့် ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲ အသင်းလိုက်အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ အားကစားသမား မအေးအေးသန့်၊ မသဲသဲ၊ မစုတွယ်တာ၊ မမှုံနှံ့သာ၊ မမေဦးခင်၊ မယဉ်မင်းသွယ်၊ မနှင်းအိမ်စည်၊ မခိုင်သဇင်ဖြိုးတို့က လည်းကောင်း၊ မြန်မာအမျိုးသားအသင်းလိုက် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် Linking (Event 3) ပြိုင်ပွဲတွင် မောင်မင်းသစ္စာအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်စုဝံကျော်၊ မောင်အောင်ပြည့်ဖြိုးဦးတို့က လည်းကောင်း အသီးသီးဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့သည်။

ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည် ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၉၄ မှတ်၊ လာအိုအသင်းကရမှတ် ၃၁၇ မှတ်၊ မြန်မာအသင်းက ရမှတ် ၄၆၁ မှတ်၊ မလေးရှားအသင်းမှ ရမှတ် ၁၁၈ မှတ် ရရှိခဲ့သည့်အတွက် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ရမှတ်အများဆုံးရရှိထားပြီးဖြစ်သည်။

ဆက်လက်ပြီး ရိုးရာခြင်းလုံး အမျိုးသားပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် အရှေ့တီမောအသင်းတို့ ယှဉ်ပြိုင်ခတ် ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၅၀၁ မှတ်၊ လာအိုအသင်းက ရမှတ် ၄၁၀ မှတ်၊ မြန်မာအသင်းက ရမှတ် ၅၄၅ မှတ်၊ မလေးရှားအသင်းက ရမှတ် ၁၆၇ မှတ်နှင့် အရှေ့တီမောအသင်းက ရမှတ် ၆၈ မှတ်တို့ အသီးသီးရရှိခဲ့သည့်အတွက် မြန်မာအမျိုးသားအသင်း အနေဖြင့် ရမှတ်အများဆုံး ရရှိထားပြီးဖြစ်သည်။




စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှ အဆက် ►

တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် CEO SEAGF Office (H.E.Dato' Seri Chaiyapak Siriwat) က အဖွင့်အမှာစကားပြောကြားခြင်းနှင့် ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး (H.E.Atthakorn Sirilatthayakorn, Minister of Tourism and Sports Thailand)နှင့် South East Asia Games Federation Council ဥက္ကဋ္ဌ၊ ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ (The Honourable Asst.Prof.Pimol Srivikorn)တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီးနောက် ဆုတံဆိပ်များပေးအပ်ခဲ့သည်။

ဆက်လက်ပြီး နိုင်ငံပေါင်း (၁၁) နိုင်ငံမှ အကြီးအကဲများက 33rd SEA Games အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ဗန်ကောက်မြို့ National Broadcasting Service of Thailand သို့ သွားရောက်ပြီး MRTV, MRTV-4 နှင့် Hey Play တို့မှ ပြိုင်ပွဲများကျင်းပနေမှုများအား သတင်းရယူထုတ်လွှင့်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုခဲ့ပြီး ဝန်ထမ်းများအား မြန်မာ့အားကစားအောင်နိုင်ရေးနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်မှုသတင်းများကို မြန်မာနိုင်ငံမှ အများပြည်သူသိရှိပြီး အားပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနိုင်ရန် အတူတကွ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများအား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဗန်ကောက်မြို့ National Broadcasting Service of Thailand သို့ သွားရောက်ပြီး MRTV, MRTV-4 နှင့် Hey Play သတင်းရုပ်သံထုတ်လွှင့်ရေး ဆောင်ရွက်နေမှုအခြေအနေလိုက်လံကြည့်ရှု






ထိုင်း၊ ဒီဇင်ဘာ ၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် ယနေ့နံနက်ပိုင်းတွင် ဗန်ကောက်မြို့ National Broadcasting Service of Thailand သို့ သွားရောက်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်၊ ချွန်ဘူရီနှင့်ချင်းမိုင်မြို့များတွင် ကျင်းပပြုလုပ်သည့် 33rd SEA Games သတင်း ရုပ်သံထုတ်လွှင့်ခြင်း၊ Live ထုတ်လွှင့်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် National Broadcasting Service of Thailand တွင် MRTV, MRTV-4 နှင့် Hey Play တို့မှ ပြိုင်ပွဲများ ကျင်းပနေမှုများအား သတင်းရယူထုတ်လွှင့်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး ဝန်ထမ်းများအား မြန်မာ့အားကစား အောင်နိုင်ရေးသတင်းများ၊ အားကစားနည်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်မှုများနှင့် အနိုင်အရှုံးရလဒ်သတင်းများကို မြန်မာနိုင်ငံမှ အားကစားဝါသနာရှင်ပြည်သူများသိရှိပြီး အားပေးနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနိုင်ရန် မြန်မာနိုင်ငံ ရုပ်သံဌာနများမှ တာဝန်ရှိသူများက အတူတကွ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် မြန်မာအားကစားအဖွဲ့ 33rd SEA Games ဖွင့်ပွဲအခမ်းအနားတက်ရောက်

ထိုင်း၊ ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် 33rd SEA Games ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ဒေသစံတော်ချိန် ည (၇) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ Rajamangala National Stadium ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာ



စာမျက်နှာ ၈ သို့ ►

စာမျက်နှာ ၆ မှ အဆက် ►

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာခြင်းလုံးအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား နောက်ထပ်ယှဉ်ပြိုင်မည့် ပြိုင်ပွဲ ပွဲစဉ်တွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိအောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားရန် အားပေးစကား ပြောကြားခဲ့ပြီးနောက် ရမှတ်အများဆုံးရရှိထားသည့် မြန်မာခြင်းလုံးအဖွဲ့မှ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အလားတူ ခရစ်ကတ် T10 အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဗန်ကောက်မြို့ရှိ TredThai Cricket Grounds, Asian Institute of Technology ၌ ကျင်းပခဲ့ရာ T10 အမျိုးသမီးပြိုင်ပွဲ ပထမနေ့ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ 10 Overs တွင် ဘောလုံး ရိုက်ချက်ပေါင်း ရမှတ် ၉၉ မှတ် ရိုက်နိုင်ခဲ့ပြီး၊ ဖိလစ်ပိုင်အသင်းမှ 10 Overs ပြန်ရိုက်ခဲ့ရာတွင် ရမှတ် ၅၉ မှတ်သာ ရိုက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းမှ ဖိလစ်ပိုင်အသင်းကို ရမှတ် ၄၀ မှတ် အသာဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရွှေတံဆိပ်ဆုကို မြန်မာခြင်းလုံးအမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့မှ ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး ခြင်းလုံးအမျိုးသားအသင်းက ဒုတိယမြောက် ရွှေတံဆိပ်ဆု၊ ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ်အမျိုးသား/အမျိုးသမီးအသင်းနှင့် ပီတန်းအားကစားနည်းတို့က ငွေတံဆိပ်ဆုများနှင့် တိုက်ကွမ်ဒိုအားကစားနည်းမှ ကြေးတံဆိပ်ဆုတံဆိပ်များ ထပ်မံဆွတ်ခူးရယူ





ထိုင်း၊ ဒီဇင်ဘာ ၁၀

33rd SEA Games တွင်ခြင်းလုံး၊ ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ်၊ ပီတန်း၊ ကနူးလှေလှော်၊ တိုက်ကွမ်ဒို၊ ခရစ်ကတ်နှင့် ဘိလိယက်နှင့်စနူကာ၊ ဘော်လီဘောပြိုင်ပွဲများကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Nakhon-pathom Sport Center ၌ ကျင်းပလျက်ရှိသည့် ခြင်းလုံးအမျိုးသမီးပြိုင်ပွဲ အသင်းလိုက် ဖိုင်နယ်ပွဲစဉ် Linking (Event 3)



ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ပထမ ပွဲငယ်တွင် မြန်မာအသင်းက ၂၄၇ မှတ်၊ ထိုင်းအသင်းက ၂၂၃ မှတ်ရရှိခဲ့ပြီး ဒုတိယပွဲငယ်အား ဆက်လက်ကစားရာ မြန်မာအသင်းက ၂၅၅ မှတ်၊ ထိုင်းအသင်းက ၂၂၃ မှတ် ရရှိခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် စုစုပေါင်းရမှတ်အဖြစ် ထိုင်းအသင်းက စုစုပေါင်းရမှတ် ၄၄၆ မှတ် ရရှိခဲ့ပြီး မြန်မာအသင်းက စုစုပေါင်းရမှတ် ၅၀၂ မှတ်ရရှိခဲ့သည့်အတွက် မြန်မာခြင်းလုံးအမျိုးသမီးအသင်းသည် ရမှတ်အများဆုံးဖြင့် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး

စာမျက်နှာ ၉ သို့ ►

စာမျက်နှာ ၇ မှ အဆက် ►





စာမျက်နှာ ၈ သို့ ►

အားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ နိုင်ငံအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် President of NOC Thailand (SEAGF) ဝန်ကြီးချုပ် Anutin Charnvirakul က အဖွင့်မိန့်ခွန်းပြောကြားခြင်းနှင့် ထိုင်းနိုင်ငံဘုရင် Vajiralongkorn က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့၍ 33rd SEA Games ကို စတင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့ပြီးနောက် ထိုင်းနိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရ အားကစားသမားများက မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်၍ ထွန်းညှိခဲ့ပြီး 33rd SEA Games အား စတင်ဖွင့်လှစ်ပေးခဲ့သည်။

# 33rd SEA Games ၌ ရွှေ၊ ငွေ၊ ကြေး ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများပြန်လည်ရောက်ရှိကြိုဆို



ရန်ကုန်၊ ဒီဇင်ဘာ ၁၁ရက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပသည့် 33rd SEA Games တွင် ရွှေ၊ ငွေ၊ ကြေး အသီးသီးဆွတ်ခူးခဲ့သော ခြင်းလုံး၊ ပိုက်ကျော်ခြင်း (ကွင်းသွင်း)၊ ပီတန်း၊ တိုက်ကွမ်ဒို မြန်မာအားကစားအဖွဲ့သည် ယနေ့ညနေ (၁၆:၃၀) နာရီ အချိန်တွင် လေယာဉ်အမှတ် 8M334 အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၁၀ သို့ ►

စာမျက်နှာ ၈ မှ အဆက် ►

ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ခြင်းလုံးအမျိုးသားပြိုင်ပွဲ အသင်းလိုက် ဖိုင်နယ်ပွဲစဉ် (Event 3) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင် ခတ်ကစားခဲ့ရာ ထိုင်းအသင်းက စုစုပေါင်းရမှတ် ၅၀၁ မှတ်၊ မြန်မာအသင်း က ရမှတ် ၅၇၄ မှတ်ရရှိခဲ့သည့်အတွက် မြန်မာခြင်းလုံးအမျိုးသား အသင်းသည် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အဆိုပါ ခြင်းလုံးအမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ လာအိုအသင်းက တတိယရရှိခဲ့ပြီး မြန်မာအမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် မောင်မင်းသစ္စာအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်စုဝံကျော်၊ မောင်အောင်ပြည့်ဖြိုးဦး တို့ က ပါဝင်ယှဉ်ပြိုင်ခတ်ကစားခဲ့သည်။

မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန်ဖြင့် ပထမဆုံး ရွှေတံဆိပ် ဆုကို ဆွတ်ခူးရယူပေးခဲ့သည့် ခြင်းလုံးအမျိုးသမီးအသင်းနှင့် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည် ခြင်းလုံးအမျိုးသားအသင်းတို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနက USD $ 600 အား လည်းကောင်း၊ ကမ္ဘောဇဘဏ်နာယက ကြီး ဦးအောင်ကိုဝင်းက ထိုင်းဘတ်ငွေ ၆ သိန်းအား လည်းကောင်း၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ထိုင်းဘတ်ငွေ ၅ သောင်းအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု ကော်မတီဝင်များ က ထိုင်းဘတ်ငွေ ၅၀၀၀၀ နှင့် USD $ 400 အားလည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးနာယက ဦးစိုးတင့်က ထိုင်းဘတ်ငွေ ၃ သောင်း အားလည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်က USD $ 3000 နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်က USD $ 1000 တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့်အဖွဲ့က USD $ 600 နှင့် ထိုင်း ဘတ်ငွေ ၁၀၀၀၀ တို့အားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပိုက်ကျော်ခြင်း အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၁၀၀၀ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၈၅၀ မှတ်ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်သင်းက ရမှတ် ၅၄၀ မှတ်ဖြင့်တတိယနှင့် လာအို အသင်းက ရမှတ် ၄၁၀ မှတ်ဖြင့် ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့သည်။

ယင်းနောက် ပိုက်ကျော်ခြင်း အမျိုးသားကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်း က ရမှတ် ၈၈၀ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၇၉၀ မှတ် ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၇၁၀ မှတ်ဖြင့် တတိယ၊ ဘရူးနိုင်းအသင်းက ရမှတ် ၅၀၀ မှတ်ဖြင့် ပူးတွဲတတိယတို့ အသီးသီး ရရှိခဲ့သည်။

ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ များတွင် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုများကို ဆွတ်ခူးရယူ ပေးနိုင်ခဲ့သည့်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက မြန်မာ ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ် အမျိုးသား/အမျိုးသမီး အသင်းမှ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေ USD $ 400 အား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Valaya Alongkorn Rajabhat University under the Royal Patronage (Bangkok)၌ ကျင်းပသည့် ပီတန်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အဆိုပါ ပီတန်းအမျိုးသမီး Shooting ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်း အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၄၃ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၃၇ မှတ်ဖြင့် ဒုတိယရရှိခဲ့သည်။ မြန်မာအသင်းမှ ပီတန်းအားကစားသမား ခင်ချယ်ရီသက်သည် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူး ရယူပေးနိုင် ခဲ့သည်။

ကနူး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ဗီယက်နမ်အသင်းက တတိယတို့ အသီးသီး ရရှိခဲ့သည်။

ကနူး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် မိုးလိုင်ဝင်းသည် မြန်မာနိုင်ငံ အတွက် ဒုတိယ ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူ ပေးနိုင်ခဲ့သည်။

Free Style Mixed Team ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်း တို့က ပူးတွဲတတိယတို့ ရရှိခဲ့သည်။

33rd SEA Games ၏ ဒီဇင်ဘာလ ၁၀ ရက်နေ့ ပြိုင်ပွဲများ အပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၄ ခု၊ ကြေးတံဆိပ် ၁ ခု၊ စုစုပေါင်း ဆုတံဆိပ် ၇ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၅ တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

# မြန်မာနိုင်ငံအတွက် တိုက်ကွမ်ဒိုအားကစားနည်းနှင့် လှေလှော်အားကစားနည်း မီတာ ၂၀၀ ကနူး အမျိုးသားအသင်းတို့က ဒုတိယ ငွေတံဆိပ်(၂)ဆု၊ ကယက် Slalom အမျိုးသမီး တစ်ယောက်လှော်နှင့် ဂျူဒို (Nage-no-Kata)နှစ်ယောက်တွဲ ပြိုင်ပွဲတို့တွင် တတိယကြေးတံဆိပ်ဆု(၂)ဆုတို့ ထပ်မံဆွတ်ခူးရရှိ





ထိုင်း၊ ဒီဇင်ဘာ ၁၁

33rd SEA Games ကို ဗန်ကောက်၊ ချင်းမိုင်မြို့များတွင် ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာအသင်းအနေဖြင့် ပိုက်ကျော်ခြင်း၊ ဂျူဂျစ်ဆု၊ ခရစ်ကတ်၊ ကဘာဒီ၊ ပီတန်း၊ ဘီလီယက်နှင့်စနူကာ၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကျွမ်းဘား၊ ဘော်လီဘော၊ စကိတ်၊ ပြေးခုန်ပစ်၊ ဂေါက်သီးရိုက်၊ ရွက်လှေ၊ တက်ဂ်ဘော၊ ဟော်ကီ ကနူး/ကယက်၊ ရေကူး၊ ကရာတေးနှင့် ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ဗန်ကောက်မြို့ Ronnaphakat Building, Navaminda Kasatriyadhiraj Air Force Academy ၌ ကျင်းပလျက်ရှိသည့် ဂျူဂျစ်ဆု အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းမှ -၆၉၊ -၈၅၊ -၄၈၊ -၅၇ ကီလိုတန်းပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။

တိုက်ကွမ်ဒို အမျိုးသမီး -၆၇ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ကေသွယ်မွန်လင်းနှင့် ထိုင်းအသင်းမှ အားကစားသမားတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်း ပထမ၊ မြန်မာအသင်းမှ ကေသွယ်မွန်လင်းက ဒုတိယ ရရှိခဲ့သည်။

မီတာ ၂၀၀ ကနူး အမျိုးသားနှစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ခဲ့ရာ မြန်မာအသင်းက မျိုးလှိုင်ဝင်းနှင့် ထွဋ်ခေါင်ဇော်တို့အတွဲက ငွေတံဆိပ်ဆု ရရှိခဲ့သည်။

ကယက် Slalom အမျိုးသမီး တစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းမှ ပိုပိုအောင်က တတိယ ကြေးတံဆိပ်ဆုကို ရရှိခဲ့သည်။

စာမျက်နှာ ၁၁ သို့ ►

စာမျက်နှာ ၉ မှ အဆက် ►






အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား/ကျောင်းသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများ၊ မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖျဖျ ဂုဏ်ပြုကြိုဆိုခဲ့သည်။

အဆိုပါ မြန်မာအားကစားအဖွဲ့တွင် ရိုးရာခြင်းလုံး အားကစားနည်းမှ ရွှေတံဆိပ်(၂)ဆု ရရှိခဲ့သော အမျိုးသား/အမျိုးသမီးအသင်း၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ် (၂) ဆုရရှိခဲ့သော အမျိုးသား/အမျိုးသမီးအသင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ကြေးတံဆိပ် (၁)ဆု ရရှိခဲ့သော အမျိုးသား/အမျိုးသမီးအသင်းနှင့် ပီတန်းအားကစားနည်းမှ အမျိုးသမီး Shooting ပြိုင်ပွဲတွင် ငွေတံဆိပ် (၁) ဆုရရှိခဲ့သော ခင်ချယ်ရီသက်တို့ ပြန်လည်လိုက်ပါလာကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံအတွက် 33rd SEA Games ပြိုင်ပွဲဝင် ဘိလိယက်နှင့်စနူကာအားကစားနည်း၊ ကရာတေး၊ ကနူးလှေလှော်နှင့် ဂျူဒိုအားကစားနည်းမှ ဆုတံဆိပ် ၅ ခု ထပ်မံဆွတ်ခူးရရှိ






ထိုင်း၊ ဒီဇင်ဘာ ၁၂

ယနေ့ နံနက်ပိုင်းတွင် 33rd SEA Games ပြိုင်ပွဲကို အားပေးကြည့်ရှုရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။ ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန်ကောက်မြို့၊ Suphachalasai Stadium ၌ ကျင်းပသည့် ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲဝင် သွယ်သွယ်မိုး၏ ယှဉ်ပြိုင်နေမှု၊ Indoor Stadium Huamark တွင် မြန်မာအမျိုးသမီးအသင်းနှင့် မလေးရှားအမျိုးသမီးအသင်းတို့ ဘော်လီဘော ယှဉ်ပြိုင်ကစားနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဗန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani ၌ ကျင်းပသည့် ဘိလိယက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပြိုင်ပွဲတွင် ဦးပေါက်စနှင့် စင်္ကာပူအသင်းမှ ပီတာဂေးလ်ခရစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စင်္ကာပူအသင်းမှ ပီတာဂေးလ်ခရစ်က ဦးပေါက်စကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာအသင်းမှ ဦးပေါက်စသည် ငွေတံဆိပ်ဆု ရရှိခဲ့သည်။

ယမန်နေ့ ညနေပိုင်း ပြိုင်ပွဲဖြစ်သည့် စနူကာ 6 Red Singles အကြိုဗိုလ်လုပွဲတွင် နေမင်းထွန်းက မလေးရှားအသင်းမှ Thor Chaung Leong ကို ၅ ပွဲ ၂ ပွဲဖြင့် ရှုံးနိမ့်ခဲ့ပြီး ကြေးတံဆိပ် ဆုရရှိခဲ့သည်။ ငွေတံဆိပ်ဆုရှင် ဦးပေါက်စနှင့် ကြေးတံဆိပ်ဆုရှင် နေမင်းထွန်းတို့အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်

စာမျက်နှာ ၁၂ သို့ ►

စာမျက်နှာ ၁၀ မှ အဆက် ►

ဂျူဒို (Nage-no-Kata) နှစ်ယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ မြန်မာအသင်းမှ လရောင်ရှန်နှင့် လှိုင်မင်းခန့်တို့အတွဲက တတိယ၊ လာအိုအသင်းက ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့သည်။

အလားတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Nakhonpathom Sports Center Bangkok ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး၊ အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ယှဉ်ပြိုင် ကစားခဲ့ရာ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Valaya Alongkorn Rajabhat Univerisity under the Royal Patronage (Bangkok)၌ ပီတန်း အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းမှ မောင်ထွေးကိုကိုနှင့် မပန်းအိတို့အတွဲ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nothaburi ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသား Snooker 6-Red Singles ကွာတားဖိုင်နယ်(၈)ဦးအဆင့် ပြိုင်ပွဲတွင် မြန်မာအသင်းမှ နေမင်းထွန်းက လာအိုအသင်းမှ အားကစားသမားကို ငါးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Gymnasium 4, Thammasat University Rangsit Campus, Pathum Thani ၌ ကျင်းပလျက်ရှိသည့် ကြက်တောင်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့ အတွဲက လာအိုအသင်းမှ အားကစားသမားအတွဲကို ရလဒ် ၂ ပွဲ ပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

ညနေပိုင်းတွင် ဘောလုံးအမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) ၏ တတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းလုံးအနိုင်ရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲပြီးဆုံးချိန်တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာလ ၁၁ ရက်နေ့ ပြိုင်ပွဲပွဲစဉ်များဖြစ်သည့် တိုက်ကွမ်ဒို အမျိုးသမီး - ၆၇ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲတွင် မြန်မာအသင်းမှ ကေသွယ်မွန်လင်းက ဒုတိယ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မီတာ ၂၀၀ ကနူး အမျိုးသား နှစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းက မျိုးလှိုင်ဝင်းနှင့် ထွဋ်ခေါင်ဇော် တို့အတွဲက ဒုတိယ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကယက် Slalom အမျိုးသမီးတစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းက ပိုပိုအောင်က တတိယ ကြေးတံဆိပ်ဆုကို လည်းကောင်း၊ ဂျူဒို (Nage-no-Kata) နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ လရောင်ရှန်နှင့် လှိုင်မင်းခန့်တို့အတွဲက တတိယ ကြေးတံဆိပ်ဆုကို လည်းကောင်း အသီးသီးထပ်မံဆွတ်ခူး ရရှိခဲ့သည်။

# 33rd SEA Games တွင် မြန်မာအားကစားအဖွဲ့မှ တက်ဂ်ဘော၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဘိလိယက်နှင့်စနူကာ၊ ကရာတေးနှင့် အလေးမအားကစားနည်းများမှ ငွေနှင့်ကြေးဆုများ ဆွတ်ခူးရရှိ






ထိုင်း၊ ဒီဇင်ဘာ ၁၃

33rd SEA Games ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ရေကူး၊ ကရာတေး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ပန်ကြပ်ဆီလပ်၊ ဝူရှူး၊ ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော၊ ကဘာဒီ၊ ဂျူဒို၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ မွေ၊ လက်ဝှေ့၊ ကစ်ဘောင်ဆင်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ E-sports၊ ဂေါက်သီးရိုက်၊ အလေးမ၊ ရွက်လှေ၊ တက်ဂ်ဘော၊ မြင်းစီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန်ကောက်မြို့ရှိ Rajamangla Auditorium Rajamangla University of Technology Thanyaburi ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုအားကစားနည်း အမျိုးသား/အမျိုးသမီး -၈၁၊ -၉၀၊ -၁၀၀၊ -၇၈ နှင့် +၇၈ ကီလိုတန်း ပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုအားလည်းကောင်း၊ Shooting Range, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်း အမျိုးသမီး ၁၀ မီတာရိုင်ဖယ် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများအားလည်းကောင်း လိုက်လံကြည့်ရှု အားပေးခဲ့သည်။

မြန်မာအသင်းအနေဖြင့် ရေကူး၊ ကရာတေး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ပန်ကြပ်ဆီလပ်၊ ဝူရှူး၊ ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော၊ ကဘာဒီ၊ ဂျူဒို၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ မွေ၊ လက်ဝှေ့၊ ကစ်ဘောင်ဆင်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ E-sports၊ ဂေါက်သီးရိုက်၊ အလေးမ၊ ရွက်လှေ၊ တက်ဂ်ဘော၊ မြင်းစီးစသည့် ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၁၁ မှ အဆက် ►

ဦးညဏ်ဇော်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု ကော်မတီဝင်များနှင့် ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဗန်ကောက်မြို့ရှိ Rajamangla Auditorium Rajamangla University of Technology Thanyaburi ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုပြိုင်ပွဲ အမျိုးသား ၅၅ ကီလိုအောက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ထိုက်ထိုက်ကျော်က တတိယလုပြိုင်ပွဲတွင် ဖိလစ်ပိုင်အားကစားသမားကို အနိုင်ရရှိခဲ့သည်။

မြန်မာအားကစာအဖွဲ့အနေဖြင့် ဒီဇင်ဘာလ ၁၂ ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ကရာတေး အမျိုးသမီး – ၅၀ ကီလိုအောက် တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖလောရင့် နေခြည်ထွန်းက ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ကနူး မီတာ ၂၀၀ အမျိုးသား ၄ ယောက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးလှိုင်ဝင်း၊ သန့်ဇင်ဦး၊ ကျော်ဇေယျာ၊ ထွဋ်ခေါင်ဇော်၊ သက်ပိုင်ဖြိုးနှင့် အောင်ဖြိုးဟိန်းတို့အတွဲက ဒုတိယ ငွေတံဆိပ်ဆုရရှိခဲ့သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ဂုဏ်ပြု ဆုတံဆိပ်နှင့် လှေလှော်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂျူဒို အားကစားနည်း အမျိုးသား ၅၅ ကီလိုအောက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ထိုက်ထိုက်ကျော်နှင့် ဖိလစ်ပိုင်မှ အားကစားသမားက ပူးတွဲတတိယ ကြေးတံဆိပ်ဆုများ ရရှိခဲ့သည်။

စာမျက်နှာ ၁၈ မှ အဆက် ►

သမားများ မွေးထုတ်ပေးနိုင်ရေး၊ အားကစားသမားများ၏ ကိုယ်ခန္ဓာကြံ့ခိုင်မှုရရှိစေရေး၊ သက်လုံကောင်းမွန်စေရေး၊ နည်းစနစ်နည်းဗျူဟာများ ကောင်းမွန်စေရေး၊ မှန်ကန်စွာဆုံးဖြတ်နိုင်ရေး၊ နေထိုင်စားသောက်မှုနှင့် အိပ်ချိန်မှန်ကန်မှု စည်းစနစ်တကျရှိစေရေး၊ နောင်လာမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသီးသီးတင်ပြဆွေးနွေးခဲ့ရာ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်အောင်ဆောင်ရွက်ရေး၊ ပြိုင်ပွဲမတိုင်မီ ကြိုတင်၍ Black List စစ်နိုင်ရေး၊ နည်းစနစ်ပိုင်း ကောင်းမွန်စေရန် နားလည်တတ်ကျွမ်းသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပြီး နောင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲများအတွက်ရေတို/ရေရှည်စီမံချက်များရေးဆွဲပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှတဆင့် ပြည်ထောင်စုဝန်ကြီးထံ တင်ပြပြီး ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအသင်း တတိယမြောက်ရွှေတံဆိပ်ဆု အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၅ ခု ထပ်မံဆွတ်ခူးရရှိ






ထိုင်း၊ ဒီဇင်ဘာ ၁၄

33rd SEA Games ကို ဗန်ကောက်နှင့် ချွန်ဘူရီမြို့များ၌ ယနေ့ နံနက်ပိုင်းတွင် မြန်မာအသင်းများပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်းများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အတူ ဗန်ကောက်မြို့ရှိ Grand Four Wings Hotel ၌ (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ H.E Ms. Hannah Yeoh (Youth and Sports Minister Of Malaysia) နှင့် မြန်မာ့အားကစားအောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ဗန်ကောက်မြို့ရှိ Shooting Range, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်း အမျိုးသား/အမျိုးသမီး ၁၀ မီတာ (Air Pistol) လေပစ္စတို တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းမှ ခိုင်ခိုင်ဝေ၏ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး မြန်မာအသင်းမှ ခိုင်ခိုင်ဝေက အဆင့် (၄) ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့်အဖွဲ့တို့က ဂုဏ်ပြုချီးမြှင့်ငွေများအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာအသင်း အနေဖြင့် ရေကူး၊ မြားပစ်၊ ပိုက်ကျော်ခြင်း၊ စကွက်ရှ်၊ ဝူရှူး၊ ကဘဒ္ဒီ၊ ကရာတေး၊ သေနတ်ပစ်၊ ပန်ကြွပ်ဆီလပ်၊ ဘိလိယက်နှင့်စနူကာ၊ ဘိုးလင်း၊ ဂျူဒို၊ ဖူဆယ်၊ မွေ၊ လက်ဝှေ့၊ ဘတ်ကစက်ဘော၊ စက်ဘီး၊ ပြေးခုန်ပစ်၊ စကိတ်၊ E-sports နှင့် FC Online Team ပြိုင်ပွဲများ၊ ကစ်ဘောက်ဆင်၊ အပြည်ပြည်ဆိုင်ရာလှေ၊ ရွက်လှေ၊ ဟော်ကီ၊ အလေးမ အားကစားနည်းစသည့် ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ဗန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nothaburi ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့်စနူကာအားကစားနည်း အမျိုးသားဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့၏ ယှဉ်ပြိုင်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဘိလိယက်နှင့် စနူကာအားကစားနည်း အမျိုးသား ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဦးပေါက်စ၊ ဦးအောင်ဌေးနှင့် ဦးနေသွေးဦးတို့အတွဲက စင်ကာပူအသင်းကို သုံးပွဲ၊ တစ်ပွဲဖြင့် အနိုင်ရရှိပြီး တတိယမြောက်ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဖြင့် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးက USD $ 300 အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ထိုင်းဘတ်ငွေတစ်သောင်းအားလည်းကောင်း၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းက ထိုင်းဘတ်ငွေသုံးသိန်း အားလည်းကောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဦးစိုင်းရွှက်ခေးက USD $ 300 အားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဂျူဒိုအားကစားနည်း အမျိုးသား/အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ထိုက်ထိုက်ကျော်၊ ကျော်ခန့်စိုး၊ စထက်ဝေဖြိုး၊ အေးအေးအောင်၊ ဖြိုးဆွေဇင်ကျော်နှင့် ပြည့်စုံအောင်တို့ အတွဲက ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ယမန်နေ့ပြိုင်ပွဲ ပွဲစဉ်ဖြစ်သည့် မြင်းစီးအားကစားနည်း Eventing Dreassage, Show Jumping & Cross Country အားကစားနည်း သုံးမျိုးပါသည့်ပြိုင်ပွဲတွင် မြန်မာအသင်းမှ သန်းနိုင်အောင်၊ စောမောင်နှင့် နန်းကိုဝင်းတို့အတွဲက ကြေးတံဆိပ်ဆုနှင့် ပိုက်ကျော်ခြင်းအားကစားနည်း သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့က ကြေးတံဆိပ်ဆုများကို ထပ်မံဆွတ်ခူးရရှိခဲ့သည်။

---

အားကစားဆိုသည်မှာ အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုဖြစ်သည်

Sports is Games or Competitions Involving Physical and Mental Activity

# နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၆၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ





နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၃၆၀၀ ကျော် ပျော်ပျော်ရွှင်ရွှင်စည်ကား သိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ခရာမှုတ်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A) ရှေ့အထိ ပျော်ပျော်ပါးပါးလမ်းလျှောက်ကြသည်။

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များပေးဝေကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှ အစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဒီဇင်ဘာလ၏ လူထုစုပေါင်းလမ်းလျှောက်ပွဲ (စတုတ္ထပတ်)ကို ဒီဇင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့်ရေကူးကန် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် ရေကူးကန်တို့အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အထူးတန်းပွဲကြည့်စင် ပြန်လည်ပြုပြင်နေမှု အခြေအနေများ၊ VIP အခန်း မှန်များ တပ်ဆင်ထားမှုအခြေအနေများ၊ ဘောလုံးကွင်းဘေးပတ်လည် Synthetic ပြေးလမ်းအခင်းခွာထုတ်ပြီးစီးမှုအခြေအနေများ၊ ဘောလုံးကွင်းအတွင်းရှိ မြက်ခင်းများ စိမ်းလန်းစိုပြေစေရေးအတွက် ရေဖျန်းစနစ်(Field Sprinkler)များကို ပေးပို့သည့် ရေတွန်းမော်တာစက်ခန်း ကောင်းမွန်စွာ

စာမျက်နှာ ၁၅ သို့ ►

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ(B)နှင့် ဖူဆယ်အားကစားရုံတို့အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ(B)နှင့် ဖူဆယ်အားကစားရုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားရုံ(B)ရှိ Aircon Chilar စက်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး Aircon ပိုက်လိုင်းများ၊ လေအေးပေးစနစ် ကောင်းမွန်မှုရှိစေရေး၊ Aircon Chilar စက်ခန်းများတွင် စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ အသံစက်ပိုင်း (Sound System) ကောင်းမွန်ရန်၊ အုတ်နံရံပတ်လည် အတွင်း/အပြင် ပြုပြင်ပြီးစီးမှု အခြေအနေများနှင့် ပွဲကြည့်စင်များ၊ ရေလိုင်း၊ မီးလိုင်းသွယ်တန်းထားရှိမှုစနစ်များ ကောင်းမွန်စေရေး၊ အများသုံးအိမ်သာများ သန့်ရှင်းသပ်ရပ်စေရေးနှင့် လျှပ်စစ်မီတာများ ကြွေးကျန်မရှိစေရေး၊ လျှပ်စစ်မီး ချွေတာသုံးစွဲရေးနှင့် Score Control Room များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားရုံများတွင် ပြုပြင်ထိန်းသိမ်းမှုမှတ်တမ်းစာအုပ် Log Book စနစ်တကျ ထိန်းသိမ်းထားရှိရေးအပါအဝင် လိုအပ်သည်များကို တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖူဆယ်အားကစားရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားရုံ ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးအန္တရာယ်ခံနိုင်စေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်၊ Portico အဝင်လမ်းများကောင်းမွန်စေရေးနှင့် အားကစားရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ သတ်မှတ်ကာလအတွင်းလုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၄ မှ အဆက် ►

လည်ပတ်နေသည့်အခြေအနေများ၊ ဘောလုံးကွင်းပတ်လည် ရေနုတ်မြောင်း ပြုပြင်နေမှုအခြေအနေများ၊ ဒိုင်လူကြီးများနားနေခန်း၊ အားကစားသမားများ အဝတ်လဲခန်းနှင့် Media ခန်း ပြုပြင်နေမှုအခြေအနေများနှင့် အခန်းနံရံပလာစတာ ဖာထေး ပြုပြင်ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်/ စံညွှန်းပြည့်မီပြီး အချိန်မီတည်ဆောက်ပြီးစီးစေရေးတို့အတွက် သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများအား စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်နှင့် ဒိုင်ဗင်ကန် အောက်ခံကြမ်းခင်းနှင့် ဘေးပတ်လည် ကြွေပြားအသစ် ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် ရေကူးကန်များရေလဲလှယ်သည့် မြေအောက်စက်ခန်း ပြုပြင်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အပြင်ဘက် လေ့ကျင့်ရေးရေကူးကန်တွင် နွေရာသီရေကူးသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပိတ်ရက်အမီပြီးစီးနိုင်ရေး အထူးအလေးထားဆောင်ရွက်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ သတ်မှတ်ကာလအတွင်းလုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

## နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ (စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၈၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ






နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၃၈၀၀ ကျော် ပျော်ပျော်ရွှင်ရွှင်စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ် (၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါးလမ်းလျှောက်ကြသည်။

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား သွားရောက် ကြည့်ရှုအားပေးခြင်းနှင့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်သီဟဒီပ အားကစားခန်းမဖွင့်ပွဲအခမ်းအနားသို့တက်ရောက်






ရန်ကုန်၊ ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မသန်စွမ်းအားကစား အဖွဲ့ချုပ်တွင် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ ရောက်ရှိပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၉ နည်း



စာမျက်နှာ ၁၇ သို့ ►

စာမျက်နှာ ၁၆ မှ အဆက် ►

ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ရေကူး၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ အလေးမ၊ ဂိုးလ်ဘော၊ ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ်၊ ဘိုစီယာနှင့် ဘိုးလင်းစသည့် အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အုပ်ချုပ်နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး အမှာစကားပြောကြားရာတွင် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားဖွဲ့များအနေဖြင့် ယခင် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲတွင်ရရှိခဲ့သည့် ရွှေတံဆိပ် ၁၅ ခုထက်မနည်း မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးနိုင်သူများ၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် အစွမ်းကုန်ကြိုးစားခဲ့ကြရန်လိုကြောင်း၊ နိုင်ငံတော်မှ ထိုက်ထိုက်တန်တန်ဖြင့် ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့် ငွေများကိုရရှိအောင် နောက်ဆုံးအချိန်ထိ မလျော့သောစိတ်ဓာတ်ဖြင့် ကြိုးစားသွားစေလိုကြောင်း၊ အုပ်ချုပ်သူ၊ နည်းပြများ၏ သင်ကြားပြသလမ်းညွှန်မှုများနှင့်အညီ အမျှော်အမြင်ရှိရှိဖြင့် ကာယစိတ်ဓာတ်၊ ဉာဏစိတ်ဓာတ်တို့ဖြင့် ယှဉ်ပြိုင်ကစားသွားစေလိုကြောင်း၊ ပြိုင်ပွဲမတိုင်မီ ၂ ရက် အလိုတွင် အစားအသောက်အနေအထိုင် အထူးဂရုစိုက်စေလိုကြောင်း၊ အိပ်စက်ခြင်းသည် ခွန်အားတစ်ခုဖြစ်စေ၍ အိပ်ရေးမပျက်အောင် ဂရုစိုက်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကလည်း သတ်မှတ်ထားသည့်အတိုင်း ဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်၍ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ကြောင်း သက်သေပြနိုင်ရန်အတွက် အနေအထိုင်၊ အစားအသောက်နှင့် သွားလာမှုများကို အထူးဂရုစိုက်ဆင်ခြင်ရန်လိုကြောင်း၊ မိမိနိုင်ငံ၊ မိမိအားကစားအဖွဲ့ချုပ်၏ ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်နိုင်သည့် အားကစားသမားကောင်းဖြစ်အောင် ယှဉ်ပြိုင်ကြိုးစား သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် အသုံးပြုမည့် အထောက်အကူပြုပစ္စည်းများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ဝတ်စုံ ခင်းကျင်းပြသထားမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အားကစားအောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အားကစားနည်းများအလိုက် ယခင်ပြိုင်ပွဲများ၏ စံချိန်၊ စံညွှန်းများ၊ စံနှုန်းများထက် ပိုမိုသာလွန်ကောင်းမွန်နေမှုအခြေအနေများ၊ စားသောက်နေထိုင်မှုဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးကိစ္စရပ်များ၊ ဆုချီးမြှင့်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြနိုင်ကြောင်း၊ နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်အောင် မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအနေဖြင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး အမိနိုင်ငံတော်၏ ဂုဏ်ကို ဆောင်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားရန် တိုက်တွန်းမှာကြားခဲ့သည်။

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအစီအစဉ်အရ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့မှ သီဟဒီပ အားကစားခန်းမအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့မှ သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ဗည်းမော်ကွန်းအားအမွှေးနံ့သာရေများ ပက်ဖြန်းပေးခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

အစီအစဉ် ဒုတိယပိုင်းအရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အလျား ၁၂၀ ပေ၊ အနံ ၉၀ ပေ ရှိသော သီဟဒီပအားကစားခန်းမ (၂၅%)၏ ခွင့်ပြုငွေကျပ် သန်း (၂၈၂.၅၁၀) ဖြင့် Mettle Zone Co,Ltd က တည်ဆောက်ခဲ့ပြီး ယခုလို အစစအရာရာ ပြီးပြည့်စုံသည့် (က)အဆင့် အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် ကြိုးပမ်းကူညီဆောင်ရွက်ပေးခဲ့သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ လူမှုရေးရာဝန်ကြီးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို သတ်မှတ် စံချိန်/စံညွှန်းပြည့်မီပြီး အရည်အသွေးကောင်းမွန်သည့် အားကစားကွင်း/အားကစားရုံများရှိသည့်အတွက် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစား



ကျောဖုံး သို့ ►

ကျောဖုံးမှ အဆက် ▶

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူနည်းပြများ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ 33rd SEA Games ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရယူပေးခဲ့သည့် ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘီလီယက်/စနူကာ၊ လှေလှော်၊ ရွက်လှေ၊ Kickboxing ၊ မွေ၊ ဂျူဒို၊ မြင်းစီး၊ စစ်တုရင်၊ Tag of War ၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ အလေးမ၊ နပန်း၊ Taqball ၊ ပြေးခုန်ပစ်၊ ကရာတေး၊ ပီတန်း အားကစားအဖွဲ့များနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Kabaddi ၊ ဘော်လီဘော၊ ဘိုးလင်း၊ ကျွမ်းဘား၊ Squash ၊ ခရစ်ကက်၊ စားပွဲတင်တင်းနစ်၊ ဂျူဂျစ်ဆူ၊ သေနတ်ပစ်၊ မြားပစ်၊ ဘောလုံး၊ ဖူဆယ်၊ သဲသောင်ပြင်၊ ဟော်ကီ၊ ကြက်တောင်၊ E-Sports ၊ စက်ဘီး၊ ရေကူး၊ ပန်ကြပ်ဆီလပ်၊ ဘတ်စကက်ဘော၊ ဂေါက်သီး အားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော 33rd SEA Games ကို မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၈ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၂၁ ခု၊ ကြေးတံဆိပ် ၄၈ ခု စုစုပေါင်း ၇၂ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်တွင် အဆင့် ၇ ရရှိခဲ့သည့်အတွက် နိုင်ငံအလိုက်အဆင့်ရပ်တည်မှုကို ဆက်ပြီးထိန်းနိုင်ခဲ့ပါကြောင်း၊ အားကစားနည်းများအလိုက် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် နောက်ကျ မကျန်ခဲ့စေဘဲ အမျှော်အမြင်များစွာဖြင့် သုံးသပ်ယှဉ်ပြိုင်ကစားကြပြီး အောင်မြင်မှု ဆုတံဆိပ်များ ရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း၊ ယခုကျင်းပပြုလုပ်ခဲ့သည့် 33rd SEA Games သွားရောက် မယှဉ်ပြိုင်ခင်တွင် မန္တလေးငလျင်ဒဏ်ကြောင့် ရန်ကုန်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းသို့ ပြောင်းရွှေ့လေ့ကျင့်ခဲ့ရသည့်အတွက် Training အချိန် လျော့နည်းခြင်း၊ ခန္ဓာကိုယ် တည်ဆောက်မှု၊ ကြွက်သားသန်မာမှု အားနည်းခြင်း၊ လေ့ကျင့်မှုမပြည့်ဝဘဲ သွားရောက်ယှဉ်ပြိုင်ခဲ့ရမှုများကြောင့် မျှော်မှန်းထားသည့် ဆုတံဆိပ်များ မရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခုပြိုင်ပွဲတွင် ကြုံတွေ့ခဲ့ရသော အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဆောင်ရွက်ပြီး ပြိုင်ဘက်နိုင်ငံများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရန် Event အားကစားနည်း အမျိုးအစားများ၊ နိုင်ငံတကာအဆင့်မီသည့် နည်းပညာရပ်များနှင့် နည်းဗျူဟာများကို ပြန်လည်လေ့လာ၍ တတ်ကျွမ်းနားလည်ပြီး အရည်အချင်းပြည့်ဝသည့် နည်းပြများဖြင့် လေ့ကျင့်ခြင်း၊ စနစ်တကျကြီးကြပ်ကွပ်ကဲမှုများဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်ပြီး အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားစေလိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၏ အမည်စာရင်းများကို အဖွဲ့ချုပ်များမှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြသွားစေလိုကြောင်း၊ အားကစားနည်းများအလိုက် စံချိန်၊ စံညွှန်း၊ စံနှုန်းများနှင့် အဓိကလိုအပ်ချက်များအား တင်ပြဆွေးနွေးပေးသွားစေလိုကြောင်း၊ နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်၍ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအဆင်သင့် ရှိနေစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုများ၊ အားကစားနည်း ၃၈ နည်း ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အားကစားနည်း ၁၈ နည်းမှ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရယူနိုင်ခဲ့ပြီး ကျန်အားကစားနည်း ၂၀ နည်းမှ ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အကြိုဗိုလ်လုပွဲအဆင့်၊ အသင်းလိုက် ကွာတားဖိုင်နယ်အဆင့်၊ တစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်၊ အုပ်စုအဆင့်များထိသာ တက်ရောက်နိုင်ခဲ့မှုများ၊ နိုင်ငံအလိုက်ဆုရရှိမှု အခြေအနေများ၊ ၂၀၂၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုဆုတံဆိပ်ရရှိနိုင်မည့် အားကစားနည်းများ၊ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု မရရှိနိုင်သည့် အားကစားနည်းများ၊ ကျင်းပပြုလုပ်မည့် မြို့ ၄ မြို့၊ ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၈ နည်း၊ ဖွင့်ပွဲ/ပိတ်ပွဲကျင်းပမည့် အားကစားကွင်းများ၊ ၂၀၂၆ -၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ရန်ကုန်၊ နေပြည်တော်၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီး၊ ဘားအံ ဇုန်များ၌ ကျင်းပပြုလုပ်ရန် ပြက္ခဒိန် (မူကြမ်း) ရေးဆွဲတင်ပြထားမှုများအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး နည်းစနစ်မှန်ကန်စေရန်၊ ကိုယ်ခံပညာ ကောင်းမွန်စေရန် အများကြီးလိုအပ်မှုများ ရှိပါကြောင်း၊ အားနည်းချက်များကို မှန်ကန်စွာပြန်လည် သုံးသပ်ပြီး နောင်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိအောင် စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်နှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ယခုကျင်းပပြုလုပ်ခဲ့သည့် 33rd SEA Games တွင် အိမ်ရှင်နိုင်ငံများ၏ အားသာချက်များကို အသုံးချပြီး ပြိုင်ပွဲကျင်းပခွင့်နှင့် အောင်နိုင်ရေးရရှိခဲ့သည့် အခြေအနေများ၊ ပြိုင်ပွဲကျင်းပရေးစနစ် အားနည်းချက်များ၊ နိမ့်ကျသည့် ပြိုင်ပွဲဝင်နိုင်ငံများ၏ ရှေ့မှောက်တွင် အသင်းလိုက် မဲခွဲစနစ်များနှင့် ပွဲစဉ်ဇယားရေးဆွဲရာတွင် မျှတမှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ စည်းမျဉ်း/စည်းကမ်းများနှင့် မညီညွတ်ခြင်းများ၊ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် အခက်အခဲရှိခဲ့မှုများ၊ ယခု အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများမှ အားနည်းချက်များအား သိရှိနားလည်ပြီး ပြန်လည်သုံးသပ်ကာ အားကစားအောင်နိုင်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဒိုင်နည်းပြသင်တန်းများ၊ ဖွင့်လှစ်ခြင်းနှင့် ပြည်ပသို့ သွားရောက်သင်ယူနိုင်ရေးကိစ္စရပ်များ၊ အားကစားကွင်းများ လုံလောက်စွာ ရရှိရေး၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ ပြိုင်ပွဲအတွေ့အကြုံ ရရှိစေရေးအတွက် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံခြားနည်းပြများ ငှားရမ်းလေ့ကျင့်ပေးနိုင်ရေး၊ Joint Training သွားရောက်ပူးတွဲလေ့ကျင့်နိုင်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှ မျိုးဆက်သစ် အားကစား

စာမျက်နှာ ၁၂ သို့ ▶

## ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ ဒီဇင်ဘာ ၂

၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်(၁၀)နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၃၁) ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု အဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိ သူများ တက်ရောက်ခဲ့သည်။ ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပထမအကြိမ် ညှိနှိုင်းအစည်း အဝေးကို နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပခဲ့ပြီး ယခုအခါ ပြည်ထောင်စုဝန်ကြီး လမ်းညွှန်ချက်နှင့်အညီ ဒုတိယအကြိမ် ကျင်းပ ရခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် အစည်းအဝေးမှတ်တမ်းကို အစည်းအဝေးတက်ရောက်ခဲ့သည့် ဌာနများသို့ ဖြန့်ဝေထားပြီး ဖြစ်ကြောင်း၊ National Fitness ဖြစ်သည့် လူထုအားကစား လှုပ်ရှားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝန်ကြီးဌာန များအလိုက် အင်ပြည့်အားပြည့် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနအဆင့်လွတ်လပ်ရေး နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀)အပြေးပြိုင်ပွဲ၊ လွန်ဆွဲ(ကျား/မ)နှင့် ထုပ်ဆီးထိုး (မ) စသည့် အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး စည်းမျဉ်း/စည်းကမ်းများကို ဝန်ကြီးဌာနများသို့ ဖြန့်ဝေထားပြီး ဖြစ်ကြောင်း၊ လွန်ဆွဲပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲ များကို လွတ်လပ်ရေးနေ့တွင် ကျင်းပရန် စီစဉ်ထားရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ စည်ကားသိုက်မြိုက်စွာ တက်ရောက် အားပေးကြစေလိုကြောင်း၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးဆောင်ဝန်ကြီးဌာနများနှင့် အထောက် အကူပြုဝန်ကြီးဌာနများ စုဖွဲ့တာဝန်ပေးအပ်ထားသည်ကို အကြောင်း ကြားထားပြီးဖြစ်ကြောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူးများအား ဦးဆောင်ဝန်ကြီးဌာနများနှင့် အခြေခံပညာ ကျောင်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တွဲဖက် တာဝန်ပေးထားပါကြောင်း၊ Mass Sport ဖြစ်သည့် လူထုအားကစား လှုပ်ရှားမှု ဒီဇင်ဘာလမ်းလျှောက်ပွဲနှင့် လွတ်လပ်ရေးနေ့ အထိမ်း အမှတ် ပျော်ပွဲရွှင်ပွဲအားကစားပွဲများတွင် စည်းစည်းရုံးရုံး ပါဝင် ဆင်နွှဲပေးကြရန် ပြောကြားခဲ့သည်။

အစီအစဉ်အရ အစည်းအဝေး တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ကိုယ်စား လှယ်များနှင့် အားကစားနှင့်ကာပညာဦးစီးဌာနမှ တာဝန်ရှိသူ များက အသီးသီးဆွေးနွေးတင်ပြခဲ့ကြသည်။

ဒုတိယဝန်ကြီးက နိဂုံးချုပ်အနေဖြင့် ဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီးနောက် လူထုအားကစားလှုပ်ရှားမှုနှင့် ပတ်သက်၍ ဝတ္တုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံပြိုင်ပွဲများကိုလည်း ဝန်ကြီးဌာနများမှ ဝန်ထမ်း များနှင့် ဝန်ထမ်းမိသားစုဝင်များ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ဒက္ခိဏသီရိခရိုင်အတွင်း ဘောလုံးကွင်း ဖောက်လုပ်နိုင်မှုအခြေအနေများနှင့် ဥတ္တရသီရိမြို့နယ် အားကစားကွင်း တည်ဆောက်နေမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဒီဇင်ဘာ ၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိ ခရိုင်၊ ရန်အောင်မြင်ကျေးရွာအုပ်စု၊ ရွာမကျေးရွာ ဘောလုံးကွင်းသစ် ဖောက်လုပ်နိုင်ရေး အခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဘောလုံးကွင်းသစ် ဖောက်လုပ်ရန် လျာထားသော မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး မြေရာဇဝင်၊ မြေပိုင်ဆိုင်မှုနှင့်မြေပုံရေးဆွဲခြင်း အစီရင်ခံစာ ဆက်လက်တင်ပြ နိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များ ပြုစုခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိခရိုင်၊ ဥတ္တရသီရိမြို့နယ် အားကစားကွင်း အုတ်တံတိုင်းကာရံနေမှု အခြေ အနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီနှင့် QC ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ

စာမျက်နှာ ၂၀ သို့ ►

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၆

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ "၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ" ကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်းအင်အား(၄၀၀၀)နီးပါးခန့် ပျော်ပျော်ရွှင်ရွှင်စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ခရာမှုတ်၍ ဖွင့်လှစ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂) နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။



စာမျက်နှာ ၁၉ မှ အဆက် ►

အုတ်တံတိုင်းကြံ့ခိုင်မှု အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးစေရေး၊ အားကစားကွင်းအတွင်းသို့ ဝင်ရောက်မည့် ဝင်ပေါက်နေရာများနှင့် ကားရပ်နားမည့်နေရာ မှန်ကန်မှုရှိစေရေး၊ မြေနိမ့်ပိုင်းများအား မြေဖို့၍ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးကာ ဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ရန် မှာကြားခဲ့ကြောင်း သိရသည်။



အားကစားအမျိုးအစား (၄) မျိုး

၁။ Competitive Sport – ယှဉ်ပြိုင်အားကစား
၂။ Leisure Sport – အပန်းဖြေအားကစား
၃။ Traditional Sport – ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျွင်း၊ ထုပ်ဆီးတိုး)

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ ဒီဇင်ဘာ ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ" အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လယ်ဝေးမြို့နယ် အ.ထ.က အေလာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လယ်ဝေးမြို့နယ် အ.ထ.က အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား/ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အလွန်အရေးကြီးကြောင်း၊ ကျောင်းသား/ကျောင်းသူ လူငယ်လူရွယ်များအား ကဏ္ဍပေါင်းစုံတွင် တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းဖြင့် လူငယ်များအနေဖြင့် စိတ်ဓာတ်ခွန်အား ကောင်းမွန်မှုရှိမှသာ ပညာရေးပိုင်းမှာသာမက လုပ်ငန်းပိုင်းများတွင် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ခွန်အားကောင်းမွန်သူသည် အနာဂတ်တွင် ယုံကြည်မှုရှိပြီး ပြဿနာများနှင့် ကြုံတွေ့လာပါက ဉာဏ်ပညာဖြင့် ဖြေရှင်းနိုင်သူများဖြစ်ကြောင်း၊ နိုင်ငံ့အနာဂတ်အား ပုခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြမည့် လူငယ်/လူရွယ်များအနေဖြင့် စိတ်ဓာတ်ခွန်အားကောင်းသည့် လူငယ်များဖြစ်လာစေရန် စာအုပ်စာပေကောင်းများကို လေ့လာဖတ်ရှု မှတ်သားသွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးသည် လူငယ်/လူရွယ်များအား လူတော်၊ လူကောင်းများ ဖြစ်လာနိုင်စေပြီး ယဉ်ကျေးလိမ်မာသူများ၊ ဆင်ခြင်တုံတရားနှင့် ဉာဏ်ပညာရှိသူများ၊ အတွေးအခေါ်ကောင်းများနှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသူများ ဖြစ်လာနိုင်ပြီး အောင်မြင်သူများဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား/ကျောင်းသူများသည် နိုင်ငံ၏အနာဂတ်အင်အားများပင်ဖြစ်သည့်အတွက် မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုပြီး လူမှုအသိုက်အဝန်းတွင် ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် ကျောင်းသား/ကျောင်းသူများဖြစ်အောင် ဆက်လက်ကြိုးစားသင်ယူသွားကြရန်လိုကြောင်း၊ ကျောင်းသား/ကျောင်းသူများ အနေဖြင့် စာဖတ်ခြင်းအလေ့အထ ပျိုးထောင်ရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရန်၊ သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန် တိုက်တွန်းလိုကြောင်းပြောကြားပြီး အ.ထ.က အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေနှင့် အမျိုးသားစာပေဆုရ စာရေးဆရာအောင်စိုး(တိရိစ္ဆာန်ဆရာဝန်)အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက လူငယ်အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရခြင်းသည် ကျောင်းသား/ကျောင်းသူ လူငယ်များ ဘဝတိုးတက်အောင်မြင်အောင် စိတ်ဓာတ်မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ့အနာဂတ်အတွက် ရေရှည်မျှော်မှန်းပြီး ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း အသေးစိတ် အမှာစကားပြောကြားခဲ့ပြီး အ.ထ.က အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ဒုတိယပိုင်းအစီအစဉ်အရ အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုး (တိရိစ္ဆာန်ဆေးကုဆရာဝန်)က "စည်းကမ်းတန်ဖိုးနှင့် မူးယစ်ဆေးအန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော် လူငယ်ရေးရာတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ကျောင်းသား/ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိ မေးမြန်းခြင်းနှင့် ဖြေဆိုနိုင်သူများအား ဆုလက်ဆောင်များပေးအပ်ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## အားကစားလိုက်စား လူငယ်များ

## တိုင်းကားပြည်ရွှာ ဂုဏ်ထည်ဝါ

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း တပ်ကုန်းမြို့နယ်အတွင်း အားကစားကွင်း ဖောက်လုပ်နိုင်မှုအခြေအနေနှင့် အားကစားကွင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဒီဇင်ဘာ ၁၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နယ်မြေ (၁) တွင် အားကစားကွင်းသစ် ဖောက်လုပ်နိုင်ရေး အခြေအနေများအား ကွင်းဆင်းသွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အားကစားကွင်းသစ် ဖောက်လုပ်ရန် လျာထားသော မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး မြေရာဇဝင်၊ မြေပိုင်ဆိုင်မှုနှင့် မြေပုံများကိုစစ်ဆေးကာ အစီရင်ခံစာ ဆက်လက်တင်ပြနိုင်ရေး လိုအပ်သည့် အချက်အလက်များ ပြုစုရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြေစေရေး၊ မိုးလုံလေလုံအားကစားရုံအတွင်း ပျက်စီးနေသည့် ကြမ်းခင်းများအား ပြန်လည်ပြုပြင်နိုင်ရေး၊ အားကစားကွင်း/ အားကစားရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသပ်ရပ် သာယာလှပစေရေး၊ အားကစားပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲ





နေပြည်တော် ဒီဇင်ဘာ ၁၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများနှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များပေးဝေကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုအားကစားလှုပ်ရှားမှု အသွင်ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိသည်။

## 33rd SEA Games သို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် ဒုတိယဝန်ကြီး ဦးထိန်လင်း ခေါင်းဆောင်သော အုပ်ချုပ်မှုအဖွဲ့နှင့် နပန်းအားကစားအဖွဲ့ထွက်ခွာ

ရန်ကုန်၊ ဒီဇင်ဘာ ၁၅ ရက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပသည့် 33rd SEA Games တွင် ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းတို့ ခေါင်းဆောင်သော အုပ်ချုပ်မှုအဖွဲ့နှင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် နပန်းအားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။



## 33rd SEA Games တွင် မြန်မာနိုင်ငံအတွက် ဝူရှူး၊ ပြေးခုန်ပစ်နှင့် ရွက်လှေအားကစားနည်းများမှ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများ ထပ်မံဆွတ်ခူးရရှိ





ထိုင်း၊ ဒီဇင်ဘာ ၁၅

33rd SEA Games ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် မြန်မာ နိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အဖွဲ့သည် ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့်အတူ ဗန်ကောက်မြို့ရှိ Shooting Range ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်း အမျိုးသား/ အမျိုးသမီး ၁၀ မီတာ (Air Pistol) လေပစ္စတိုပြိုင်ပွဲတွင် မြန်မာ အသင်းပါဝင်ယှဉ်ပြိုင်နေသော တတိယလုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ အား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ဗန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nothaburi ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့် စနူကာအားကစားနည်း အမျိုးသားSnookerတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ဘုန်းမြင့်ကျော်နှင့် အင်ဒိုနီးရှား ပြိုင်ဘက်အသင်း တို့ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီးနောက် ဗန်ကောက် မြို့ရှိ Chaeng Watt Hana Government Complex ၌ ကျင်းပ လျက်ရှိသည့် မြန်မာဝူရှူးအားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နေမှုများအားလိုက်လံကြည့်ရှုအားပေးခဲ့သည်။

မြန်မာအသင်းအနေဖြင့် ယနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ရေကူး၊ ခရစ်ကက်၊ မြားပစ်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဘော်လီဘော၊ ပန်ကြပ်ဆီလပ်၊ ဘိလိယက်နှင့်စနူကာ၊ ကဘဒ္ဒီ၊ ကစ်ဘောင်စင်၊ ဖူဆယ်၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဝူရှူး၊ မွေ၊ E-Sports ၊ စစ်တုရင်၊ လှေလှော်၊ အလေးမ၊ ရွက်လှေနှင့် ဟော်ကီ စသည့် အားကစားပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဝူရှူးအားကစားနည်း အမျိုးသား သွေ့လျှန်(လက်နက်မဲ့) ပြိုင်ပွဲ တွင် တင့်ထူးဝေနှင့် ရဲရင့်ထွန်းတို့အတွဲက ငွေတံဆိပ်၊ အမျိုးသမီး သွေ့လျှန်(လက်နက်)ပြိုင်ပွဲတွင် ခိုင်စန္ဒာစိုးနှင့် သုပန်ထွာတို့အတွဲက ကြေးတံဆိပ်၊ ဆန်းဆို အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲတွင် နှင်းနုဝါက ငွေတံဆိပ်နှင့် အမျိုးသမီး ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ချယ်ရီသန်းက ငွေတံဆိပ်ဆုတို့ကို ရယူပေးနိုင်ခဲ့သည်။

ယမန်နေ့ ပြိုင်ပွဲများဖြစ်သည့် ပြေးခုန်ပစ်အားကစားနည်း အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာအသင်း မှနိုင်လင်းထွန်းသည် ထိုင်း၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်အသင်း တို့နှင့်ယှဉ်ပြိုင်ခဲ့ရာ စံချိန် ၁:၃၇.၅၅ စက္ကန့်ဖြင့် ငွေတံဆိပ်ဆု၊ အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ဇင်မေထက် သည် စံချိန် ၁:၄၇.၄၁ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုနှင့် ရွက်လှေ Boy's ILCA 4.7 ပြိုင်ပွဲတွင် ခွန်ထွန်းဦးမှ ကြေးတံဆိပ်ဆုကို ထပ်မံ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။



စာမျက်နှာ ၂၄ သို့ ▶

# 33rd SEA Games တွင် ကစ်ဘောက်ဆင်၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ ဝူရှူးအားစားနည်းများမှ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများ ထပ်မံဆွတ်ခူးရရှိ

ထိုင်း၊ ဒီဇင်ဘာ ၁၆

33rd SEA Games ၏ ဒီဇင်ဘာ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့်အတူ ဗန်ကောက်မြို့ရှိ Football Field 1 ၌ ကျင်းပလျက်ရှိသည့် မြားပစ်အားကစားနည်း အမျိုးသား/အမျိုးသမီး Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲနှင့် အသင်းလိုက်ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများအား တွေ့ဆုံ၍ ဆက်လက်ယှဉ်ပြိုင်သွားမည့် ပြိုင်ပွဲ ပွဲစဉ်များတွင် မိမိတို့ရရှိထားသော ကောင်းမွန်သည့် ရမှတ်များ၊ စံချိန်/စံညွှန်းများအတိုင်း ထပ်မံရရှိအောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားရန် တိုက်တွန်းအားပေးစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး John Paul II Sports Center ၌ ကျင်းပလျက်ရှိသည့် ကစ်ဘောက်ဆင်အားကစားနည်း အမျိုးသမီး Point Fighting-50 kg ဗိုလ်လုပွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ လင်းစန္ဒာဌေးနှင့် ဗီယက်နမ်အသင်းမှ အားကစားသမားတို့၏ ယှဉ်ပြိုင်ကစားနေမှုများအား လည်းကောင်း၊ K1-52kg ဗိုလ်လုပွဲ ပြိုင်ပွဲတွင် မြန်မာအသင်းမှ မေသဇင်ထူးနှင့် ထိုင်းအသင်းမှ အားကစားသမားတို့၏ ယှဉ်ပြိုင်နေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မြန်မာအသင်းအနေဖြင့် ယနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် စက်ဘီးအားကစားနည်း အမျိုးသား (Road Race) တစ်ဦးချင်း ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ မြားပစ်အားကစားနည်း အမျိုးသား/အမျိုးသမီး Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ သေနတ်ပစ်အားကစားနည်း အမျိုးသမီး ၂၅ မီတာ ပစ္စတိုတစ်ဦးချင်း အနေးပစ်ခတ်စဉ်ပြိုင်ပွဲ၊ ဘိုးလင်းအားကစားနည်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ ဘိလိယက်နှင့် စနူကာအားကစားနည်း အမျိုးသား Snooker တစ်ဦးချင်းပြိုင်ပွဲ၊ ကဘာဒီအားကစားနည်း Super Five ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား/အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ ဖူဆယ်အမျိုးသားပြိုင်ပွဲ၊ မွေအားကစားနည်း အမျိုးသား/အမျိုးသမီး -၅၇၊ -၆၃၊ -၅၄ နှင့် -၅၁ ကီလိုတန်းပြိုင်ပွဲများ၊ လက်ဝှေ့အားကစားနည်း အမျိုးသား ၆၀ နှင့် အမျိုးသမီး ၆၆ ကီလိုတန်း ပြိုင်ပွဲများ၊ ကစ်ဘောက်ဆင်အားကစားနည်း အမျိုးသမီး Point Fighting -50 kg နှင့် K1-52 kg ပြိုင်ပွဲများ၊ ပြေးခုန်ပစ်အားကစားနည်း၊ သံလုံးပစ်နှင့် မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲများ၊ E-sports အားကစားနည်း၊ အမျိုးသမီး(MLBB)အသင်းလိုက်ပြိုင်ပွဲ၊ စစ်တုရင်အားကစားနည်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အာဆီယံစစ်တုရင် အမျိုးသမီးအသင်းလိုက် အမြန်ရွှေ့ပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ် အားကစားနည်း အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲ ရှုံးထွက်ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ လှေအားကစားနည်း အမျိုးသား (Men's Single Sculls) ပြိုင်ပွဲနှင့် အမျိုးသမီး Women's Four(W4) ပြိုင်ပွဲများ၊ ရွက်လှေအားကစားနည်း အမျိုးသား/အမျိုးသမီး Keel Boad SSL 47 ပြိုင်ပွဲ၊ အလေးမအားကစားနည်း အမျိုးသား ၉၄ ကီလိုတန်း ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကစ်ဘောက်ဆင်အားကစားနည်း Point Fighting -50 kg ပြိုင်ပွဲတွင် လင်းစန္ဒာဌေးနှင့် K1 -52 kg ပြိုင်ပွဲတွင် မေသဇင်ထူးတို့က ငွေတံဆိပ်ဆုများကို ထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ




စာမျက်နှာ ၂၅ သို့ ►

စာမျက်နှာ ၂၃ မှ အဆက် ►

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာလ ၁၅ ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ဝူရှူးအားကစားနည်း သွေ့လျှန်(လက်နက်မဲ့) ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် တင့်ထူးဝေနှင့် ရဲရင့်ထွန်းတို့အတွဲ၊ ဆန်းဆို အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် နှင်းနုဝါနှင့် အမျိုးသမီး ၅၆ ကီလိုတန်း ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ချယ်ရီသန်းတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ငွေတံဆိပ်ဆုအတွက် USD $ 200 နှင့် ကြေးတံဆိပ်ဆုအတွက် USD $ 100 တို့အား လည်းကောင်း၊ အားကစားအောင်နိုင်ရေးအတွက် ဂုဏ်ပြုချီးမြှင့်သည့် ထိုင်းဘတ်ငွေ 10000 ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းကလည်းကောင်း၊ ငွေတံဆိပ်ဆုအတွက်




ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၈၀၊ ကြေးတံဆိပ်ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၅၀ နှင့်နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၂၀ တို့ကို မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာတို့ကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

စာမျက်နှာ ၂၄ မှ အဆက်

အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက USD $ 200 စီအားလည်းကောင်း၊ မြန်မာ့အားကစား အောင်နိုင်ရေးအတွက် ဂုဏ်ပြုချီးမြှင့်သည့် ထိုင်းဘတ်ငွေ ၁၀၀၀၀ ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ် ချီးမြှင့်ခဲ့သည်။

ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ရိန်းဝဏ္ဏဇော်၊ ဇော်မင်းခန့်၊ ဇင်မင်းဦး၊ ဖြူဖြူသန်း၊ ဖူးဖူးနှင့် နှင်းနှင်းဝေတို့ အတွဲက ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့သည်။

စစ်တုရင်အားကစားနည်း အာဆီယံစစ်တုရင် အမျိုးသမီး အသင်းလိုက် အမြန်ရွှေ့ပြိုင်ပွဲတွင် မြန်မာအသင်းမှ စုစုလှိုင်၊ စိုးမိုးခိုင်၊ မေဆုလွင်၊ မေဆက်လွင်နှင့် မျိုးမျိုးသူတို့အတွဲက ကြေးတံဆိပ်ဆု ကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။



ယမန်နေ့ပြိုင်ပွဲ ပွဲစဉ်ဖြစ်သည့် ဝူရှူးအားကစားနည်း ဆန်းဆို အမျိုးသား ၇၀ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးမင်းထက် က ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

33rd SEA Games ၏ ဒီဇင်ဘာလ ၁၆ ရက်နေ့၏ ပြိုင်ပွဲများ အပြီးတွင် မြန်မာအသင်း အနေဖြင့် ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် ၂၃ ခု၊ စုစုပေါင်း ဆုတံဆိပ် ၄၅ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့ကြောင်းသိရသည်။

## 33rd SEA Games တွင် မြန်မာနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာလှေနှင့် ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ ဆုတံဆိပ် ၂ ခု ထပ်မံဆွတ်ခူးရရှိ




ထိုင်း၊ ဒီဇင်ဘာ ၁၇

ယနေ့ မြန်မာအသင်းပါဝင်ယှဉ်ပြိုင်သည့် 33rd SEA Games ပွဲစဉ် များကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့်ဇနီး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်ဇနီး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လိုက်လံ ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့်ဇနီး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်ဇနီး၊ မြန်မာအားကစားအသင်းမှ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့်အတူ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချွန်ဘူရီ မြို့ The Royal Thai Navy Rowing and Canoeing Training Center, Rayong ၌ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီး ကမ်းရိုးတန်း/ကမ်းခြေ တစ်ယောက်လှော် (၂)တက် ပေါင်း ၈ တက်လှော် ပြိုင်ပွဲဝင် နီလာဝင်း၏ ယှဉ်ပြိုင်နေမှုအား လည်းကောင်း၊ ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ Samudara Klia Yacht-ing Center ၌ ရွက်လှေ SSL 47 ပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် အုပ်ချုပ်မှု အဖွဲ့ဝင်များ လိုက်ပါလျက် ဗန်ကောက်မြို့ Chalermphrakiat Sports Operation Center Building Rajamangla University of Technology Rattanakosin ၌ ကဘဒ္ဒီ Three Stars ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာအသင်းနှင့် အရှေ့တီမောအသင်းတို့၏ ယှဉ်ပြိုင်နေမှုများအားလည်းကောင်း၊ Nakhonpathom Sports Center ၌ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အရှေ့တီမောအသင်း၊ မြန်မာအသင်းနှင့်ဖိလစ်ပိုင် အသင်း၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ နီလာဝင်းသည် ကြေးတံဆိပ်ဆုနှင့် ဘိလိယက်နှင့်စနူကာ အားကစားနည်း အမျိုးသား Snooker တစ်ဦးချင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်သည် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။



# 33rd SEA Games ပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း၊ မွေ၊ နပန်း၊ ရိုးရာလှေနှင့် ရွက်လှေ အားကစားနည်းများမှ ဆုတံဆိပ် ၁၇ ခု ထပ်မံဆွတ်ခူးရရှိ






ထိုင်း၊ ဒီဇင်ဘာ ၁၈

33rd SEA Games ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့်ဇနီး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်ဇနီး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့်အတူ နံနက်ပိုင်းတွင် ချွန်ဘူရီမြို့ရှိ The Royal Thai Navy Rowing and Canoeing Training Center ၌ ကျင်းပလျက်ရှိသည့် ရိုးရာလှေအားကစားနည်း၊ နဂါးလှေလှော်၊ Men Small Boat မီတာ ၂၀၀၊ Women Small Boat မီတာ ၂၀၀ နှင့် Mixed Standard Boat မီတာ ၂၀၀ ပြိုင်ပွဲများတွင် မြန်မာအသင်းမှ အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ လိုက်ပါလျက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Nakhonpathom Sports Center ၌ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့




ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေမှုများအားလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ ဗိုလ်လုပွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေမှုအားလည်းကောင်း သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ခရစ်ကတ်၊ ကဘာဒီ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ရိုးရာလှေ၊ နပန်း၊ ရွက်လှေ အားကစားနည်း ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

နဂါးလှေလှော် Men Small Boat မီတာ ၂၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ အမျိုးသား+ အမျိုးသမီး Mixed Standard Boat မီတာ ၂၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ရွက်လှေအားကစားနည်း အမျိုးသား+အမျိုးသမီး SSL47 ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ၁ ခုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသမီးလေးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ၁ ခုနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ၁ ခုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

နပန်းအားကစားနည်းမှ အမျိုးသမီး -၅၀ ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ -၅၃ ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ -၅၇ ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု စုစုပေါင်း ကြေးတံဆိပ်ဆု ၃ ခုကို အသီးသီး ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ယမန်နေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မွေအားကစားနည်း ၅၄ ကီလိုတန်းပြိုင်ပွဲတွင် စောခိုင်ရဲလင်းနှင့် မာလာဝင်းတို့က ကြေးတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဥမ္မာစိုးနှင့် စောအတစ်တို့က ကြေးတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ထန်းခွီးရှိန်က ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ထွန်းမင်းအောင်က ကြေးတံဆိပ် တစ်ခုကိုလည်းကောင်း၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ရေချမ်းက ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် အဲလိဇဘက်ကျိန်ဇဟွဲက ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ ၄၅ ကီလိုတန်းပြိုင်ပွဲတွင် စောမြတ်မိုးက ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း စုစုပေါင်း ကြေးတံဆိပ် ၉ ခုတို့ကို အသီးသီး ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ဖိတ်ကြားရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်၊ ဒီဇင်ဘာ ၁၈

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ဖိတ်ကြားရေးလုပ်ငန်းကော်မတီ၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက Inperson စနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးရာဝန်ကြီးများက Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်း တည်ငြိမ်ရေးတွင် အားလုံးပါဝင်သောလူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စိတ်သဘောထားများနှင့် ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများဖန်တီးပေးရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏အကြံပြုချက်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ယခု လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အား ကျင်းပပေးရခြင်း ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်လူငယ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်များအား ဖိတ်ကြားရေး အဓိကထားဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဖိုရမ်တွင် ဆွေးနွေးပြောကြားသွားမည့် ခေါင်းစဉ်အကြောင်းအရာများအား ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သည့် လူငယ်များ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများတွင် တက်ကြွစွာပါဝင်ပြီး အပြုသဘောဆောင်စွာ ဆွေးနွေးပြောကြားနိုင်မည့် လူငယ်များအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များမှ အသီးသီး တင်ပြဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## 33rd SEA Games တွင် မြန်မာနိုင်ငံအတွက် ရိုးရာလှေလှော်နှင့် လက်ဝှေ့အားကစားနည်းများမှ ဆုတံဆိပ် ၇ ခု ထပ်မံဆွတ်ခူးရရှိ

ထိုင်း၊ ဒီဇင်ဘာ ၁၉

33rd SEA Games ၏ ယနေ့ကျင်းပသော အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့်အတူ နံနက်ပိုင်းတွင် ချွန်ဘူရီမြို့ရှိ The Royal Thai Navy Rowing and Canoeing Training Center ၌ ကျင်းပလျက်ရှိသည့် ရိုးရာလှေလှော်အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲနှင့် နဂါးလှေလှော် အမျိုးသား/အမျိုးသမီး ၁၀ တက်လှော် ၅၀၀ မီတာပြိုင်ပွဲများတွင် မြန်မာအသင်းမှ ယှဉ်ပြိုင်နေမှုများအားလည်းကောင်း၊ Thai Polo & Equestrain Club Pattaya ၌ ကျင်းပလျက်ရှိသည့် မြင်းစီးအားကစားနည်း တစ်ဦးချင်းလူရွေးပွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ စောမောင်နှင့် ကျော်ဝဏ္ဏအောင်တို့၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုအားလည်းကောင်း သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

အလားတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များလိုက်ပါလျက် ဗန်ကောက်မြို့ Indoor Stadium Huamark ၌ ကျင်းပလျက်ရှိသည့် ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ အဆင့် (၅) လုပွဲ ယှဉ်ပြိုင်နေမှုအား သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ယနေ့ပွဲစဉ်များအဖြစ် ခရစ်ကတ် အမျိုးသမီး T20i တတိယလုပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ သေနတ်ပစ် ၅၀ မီတာရိုင်ဖယ် အနေအထား ၃ မျိုး အမျိုးသားတစ်ဦးချင်း လက်ရည်စစ်ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ ဖူဆယ်အုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ ဘော်လီဘောပြိုင်ပွဲ အဆင့် (၅) လုပွဲ၊ အပြည်ပြည်ဆိုင်ရာလှေ အားကစားနည်း အမျိုးသား/ အမျိုးသမီး ကမ်းရိုးတန်း/ကမ်းခြေတစ်ယောက်လှော် (၂) တက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ နဂါးလှေအမျိုးသား(၁၀)တက်လှော် ၅၀၀ မီတာ ပြိုင်ပွဲဗိုလ်လုပွဲများနှင့် အမျိုးသား+အမျိုးသမီး ပေါင်းစပ်လှော် (၂၀) တက် ၅၀၀ မီတာပြိုင်ပွဲ ဗိုလ်လုပွဲ၊ နပန်း Men’s Freestyle – 57kg အုပ်စုပတ်လည်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ Men’s Freestyle – 65kg အုပ်စုပတ်လည်ပြိုင်ပွဲနှင့် ဗိုလ်လုပွဲ၊ မြင်းစီးတစ်ဦးချင်း လူရွေးပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၉ မှ အဆက်

နဂါးလေ့လှော် အမျိုးသား ၁၀ တက်လှော် ၅၀၀ မီတာပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ၁ ခုကိုလည်းကောင်း၊ အမျိုးသမီး ၁၀ တက်လှော် ၅၀၀ မီတာပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ၁ ခုကို လည်းကောင်း အသီးသီးထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည်။

နဂါးလေ့လှော် အားကစားနည်း အမျိုးသား/အမျိုးသမီး အသင်းမှ အားကစားသမားများနှင့် ယမန်နေ့ ပြိုင်ပွဲစဉ်ဖြစ်သည့် မြင်းစီးအားကစားနည်း Eventing Dreassage, Show Jumping & Cross Country အားကစားနည်းသုံးမျိုးပါသည့်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ၁ ခုရရှိခဲ့သည့်မြန်မာအသင်းတို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာအားကစားနည်း အမျိုးသား ကမ်းရိုးတန်း/ကမ်းခြေ တစ်ယောက်လှော်(၂)တက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဝေယံမိုးက ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည်။





ယမန်နေ့ ပြိုင်ပွဲစဉ်များဖြစ်သည့် လက်ဝှေ့ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ထားထားနွယ်က ကြေးတံဆိပ်ဆု ၁ ခု၊ ၆၆ ကီလိုတန်းပြိုင်ပွဲတွင် ကေသွယ်ငြိမ်းက ကြေးတံဆိပ်ဆု ၁ ခု၊ ၅၀ ကီလိုတန်းပြိုင်ပွဲတွင် မြမိုးသူက ကြေးတံဆိပ်ဆု ၁ ၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဆုမြတ်နိုးက ကြေးတံဆိပ်ဆု ၁ ခု၊ စုစုပေါင်း ကြေးတံဆိပ်ဆု ၄ ခုတို့ကို အသီးသီးထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည်။

33rd SEA Game ၏ ဒီဇင်ဘာလ ၁၉ ရက်နေ့၏ ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်း အနေဖြင့် ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၂၁ ခု၊ ကြေးတံဆိပ် ၄၇ ခု၊ စုစုပေါင်း ဆုတံဆိပ် ၇၁ ခု တို့ဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ဆက်လက်ရပ်တည်လျက် ရှိကြောင်း သိရသည်။

## 33rd SEA Games ပိတ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ဦးဉာဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များတက်ရောက်




ထိုင်း၊ ဒီဇင်ဘာ ၂၀ ရက်

33rd SEA Games ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာအမျိုးသား အားကစားကွင်း၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ တာဝန်ရှိသူအကြီးအကဲများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ အခမ်းအနားအစီစဉ်အရ ကွယ်လွန်သွားသော ဘုရင်မကြီးအား ဂုဏ်ပြုအရိုအသေပြုခြင်း၊ ထိုင်းနိုင်ငံတော် အလံလွှင့်တင်ခြင်း၊ ဖျော်ဖြေတင်ဆက်မှုများ၊ အားကစားနည်း (၅၄) မျိုးမှ အားကစားသမားများ ချီတက်ပြသခြင်းများ၊ 33rd SEA Games နှင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ H.E Artthakorn Sirilatthayakorn က အမှာစကားပြောကြားခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်H.E Mr. Anutin Charnvirakul က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မမေ့နိုင်ဖွယ် အခိုက်အတန့်များအား ဗီဒီယိုအကျဉ်းချုပ်ပြသခြင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်အား မီးငြိမ်းသတ်ခြင်းနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ဖက်ဒရေးရှင်းအလံနှင့် 33rd SEA Games အလံများအား အလံချခြင်းအခမ်းအနားများ ပြုလုပ်ခဲ့ပြီးနောက် အရှေ့တောင်အာရှ ဖက်ဒရေးရှင်းအလံအား လွှဲပြောင်းပေးအပ်ခြင်း၊ နောက်လာမည့် အိမ်ရှင်မလေးရှားနိုင်ငံ၏ နိုင်ငံတော်အလံအား လွှင့်တင်ခြင်း အခမ်းအနားနှင့် အိမ်ရှင်မလေးရှားနိုင်ငံ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ပိတ်ပွဲအထိမ်းအမှတ် ဖျော်ဖြေတင်ဆက်မှုများပြုလုပ်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်းသိရသည်။



## 33rd SEA Games သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိ



ရန်ကုန်၊ ဒီဇင်ဘာ ၂၁ ရက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချွန်ဘူရီမြို့များတွင် ကျင်းပပြုလုပ်ခဲ့သည့် အားကစားပြိုင်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ယနေ့နံနက် (၀၉:၅၀) နာရီအချိန်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး Naypyitaw State Academy ၌ ကျင်းပပြုလုပ်သည့် လူငယ်စကားဝိုင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ Naypyitaw State Academy Function Hall ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ကျောင်းသား/ကျောင်းသူများအပါအဝင် Naypyitaw State Academy တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများသည် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်အသီးသီးကို ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ကြမည့် လူငယ်များဖြစ်ကြပြီး အတတ်ပညာနှင့်အရာရာ ဘက်စုံထူးချွန်နေမှသာ နိုင်ငံ၏အနာဂတ်သည် ကောင်းမွန်မှာပဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လူငယ်ကဏ္ဍကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်ဖိုရမ်-၂၀၂၅ကို တစ်နိုင်ငံလုံးရှိ လူငယ်ကိုယ်စားလှယ်များနှင့် ကျင်းပပေးခဲ့သလို လာမည့် ၂၀၂၆ ဇန်နဝါရီတွင်လည်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များနှင့် နေပြည်တော်မှတက္ကသိုလ်အသီးသီးမှ ပညာသင်ကြားနေသည့် လူငယ်ကိုယ်စားလှယ်များ ပါဝင်မည့် ငြိမ်းချမ်းရေးလူငယ် မဟာဖိုရမ်ကိုလည်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့လူငယ်များကို အထူးဒုက္ခပေးနေသည့်အရာများမှာ Social Net Work နှင့်မူးယစ် ဆေးဝါးကိစ္စများဖြစ်ကြပြီး Social Net Work သည် မှန်ကန်စွာအသုံးပြုလျှင် လွန်စွာအကျိုးရှိသကဲ့သို့ မှန်ကန်စွာ အသုံးမချတတ်လျှင်လည်း လူငယ်များအတွက် ဆိုးကျိုးတစ်ခုဖြစ်ကြောင်း၊ ကျောင်းသား/ကျောင်းသူတွေအနေဖြင့် မိမိဘဝကို တိုးတက်မြင့်မားလာစေရန် လက်ရှိ တက္ကသိုလ်ကျောင်းသား/ကျောင်းသူဘဝကို တန်ဖိုးထားပြီး သင်ကြားနေသည့် ဘာသာရပ်ကို ဘွဲ့ရယုံမဟုတ်ပဲ ကျယ်ကျယ်ပြန့်ပြန့် လေ့လာရှာဖွေသင်ယူကာ နိုင်ငံတကာဗဟုသုတများ၊ အချိန်နှင့်တပြေးညီဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို အချိန်နှင့်တပြေးညီ သိရှိနေဖို့လိုအပ်ပါကြောင်း ပြောကြားပြီး Naypyitaw State Academy အတွက် ထောက်ပံ့ငွေများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။



စာမျက်နှာ ၃၀ သို့ ►

# (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ယဉ်ကျေးမှုအဖွဲ့များအား ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် စားရိပ်သာနေရာများအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဒီဇင်ဘာ ၂၅

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်(၂) ဦးခွန်နေထွန်းဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဌာနကြီးမှူး (ကျန်းမာရေး) ဦးအေးကိုကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာအတွင်းရှိ ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များအား ဧည့်ခံကျွေးမွေးမည့်စားရိပ်သာနေရာပြုပြင်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး ကိစ္စရပ်များနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ဧည့်ခံကျွေးမွေးမည့်ရိပ်သာ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများ၊ အနေများ၊ အစားအသောက်များကျွေးမွေးရန် ချက်ပြုတ်ပြင်ဆင်မည့်နေရာ၊ ဟင်းသီးဟင်းရွက်များနှင့် ကုန်ခြောက်များ သိုလှောင်သိမ်းဆည်းထားရှိမည့် နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စားရိပ်သာများ အချိန်မီပြုပြင်ပြီးစီးစေရေး၊ သောက်ရေနှင့်သုံးရေလုံလောက်စွာရရှိစေရေးနှင့် ရေ၊ မီးသုံးစွဲမှုများ အဆင်ပြေချောမွေ့စေရေးတို့အတွက် ရေလိုင်း မီးလိုင်းများကို ပြန်လည်စစ်ဆေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ပြင်ဆင်ဆောင်ရွက်မှုများတွင် လစ်ဟင်းမှုများ မရှိစေရန် အထူးဂရုစိုက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားအောင် ချက်ပြုတ်မည့် နေရာများအား စနစ်တကျ သန့်သန့်ရှင်းရှင်း ထားရှိသွားရန်နှင့် အဝင်လမ်းတစ်လျှောက် အလံတိုင်စိုက်ထူခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ပြီးနောက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကိုပေါင်းစပ်၍ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆပ်ကော်မတီများအလိုက် လိုအပ်သည်များကို ပေါင်းစပ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် အခက်အခဲများရှိပါက အချိန်နှင့် တစ်ပြေးညီ သတင်းပို့တင်ပြသွားရန် မှာကြားခဲ့ကြောင်း သိရသည်။



စာမျက်နှာ ၂၉ မှ အဆက်

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က အမှာစကားပြောကြားခဲ့ပြီး Naypyitaw State Academy အတွက်အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ဆွေးနွေးသူလူငယ်များမှ "ယနေ့ခေတ်လူငယ်နှင့် Vape သုံးစွဲမှု အန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးခြင်းများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးပွဲတွင်ပါဝင်သူများက ပြန်လည်ဖြေကြား ပေးခြင်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဌာနဆိုင်ရာအကြီးအကဲများမှ ဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။




အခမ်းအနားအပြီးတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

# 33rd SEA Games U-22 အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဦးဆုံး အုပ်စုပွဲစဉ်များအဖြစ် မြန်မာအမျိုးသား/အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင် အမျိုးသား/ အမျိုးသမီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်





ထိုင်း၊ ဒီဇင်ဘာ ၅

မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့၌ ကျင်းပလျက်ရှိသည့် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လှေလှော်အားကစားအဖွဲ့မှ အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် မြန်မာအမျိုးသမီးဘောလုံးအသင်း အုပ်စု (ခ) ၏ ပထမဦးဆုံး အုပ်စုပတ်လည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သည် မြန်မာဘောလုံးအမျိုးသမီးအသင်း တည်းခိုနေထိုင်လျက်ရှိသည့် Classic Kameo Hotel သို့ သွားရောက်၍ အားကစားသမားများ၏ နေ့လည်စာ စားသောက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များအတိုင်း ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် အောင်မြင်ရမည်၊ နိုင်ရမည်ဆိုသည့် စိတ်ဓာတ်ဖြင့် နောက်ဆုံးအချိန်ထိ မလျှော့သော ဇွဲ၊ လုံ့လဖြင့် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားရန်နှင့် မြန်မာပရိသတ်များ မျှော်လင့်တောင်းတအားပေးသည့်အတိုင်း ဦးဆောင်အနိုင်ဂိုးများကို သွင်းယူနိုင်ပြီး အောင်မြင်မှုများ ဆွတ်ခူးရရှိအောင် အစွမ်းကုန်ကြိုးစားသွားရန် တိုက်တွန်းအားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ညနေပိုင်းတွင် ချွန်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi)၌ ကျင်းပခဲ့သည့် ဘောလုံးအမျိုးသမီး အုပ်စုပတ်လည်ပြိုင်ပွဲ အုပ်စု(ခ) မြန်မာအသင်း၏ ပထမဦးဆုံး ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ရာ ပထမပိုင်း ၄၅ မိနစ်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့သည် နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ၄ မိနစ် ၁၈ စက္ကန့်တွင် မြန်မာအသင်းမှ အသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်း ကျောနံပါတ် ၇ က ဦးဆောင်ဂိုးအား သွင်းယူခဲ့ပြီး ဖိလစ်ပိုင်အသင်းက ချေပဂိုးပြန်လည်ရရှိရေးနှင့် မြန်မာအသင်းက အနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ရေးတို့အတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပိုင်းအပြီးတွင် မြန်မာအသင်းက ဦးဆောင်အနိုင်ဂိုးဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။

ဒုတိယပိုင်း ၄၅ မိနစ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖိလစ်ပိုင်အသင်းမှ Ramires Mary Louise ကျောနံပါတ် ၂၁ က ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီးနောက် ၈၈ မိနစ် ၂၀ စက္ကန့်တွင် မြန်မာအသင်းမှ မေထက်လူ ကျောနံပါတ် ၁၃ က မြန်မာအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးအား ခေါင်းတိုက်၍ လှလှပပ ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးအမျိုးသမီးပြိုင်ပွဲတွင် ပရိတ်သတ်အင်အား ၄၉၉၅ ဦးခန့် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး U-22 အမျိုးသားဘောလုံး အုပ်စုပတ်လည်ပြိုင်ပွဲ အုပ်စု(ဂ) ပထမဦးဆုံးပွဲစဉ်အဖြစ် ချင်းမိုင်မြို့ရှိ 700th Anniversary of Chiang Mai Stadium(Chiangmai)၌ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲများပြီးဆုံးချိန်တွင် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် ချွန်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi) ၌ ကျင်းပမည့် ဘောလုံးအမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ) မြန်မာအမျိုးသမီးအသင်း၏ ဒုတိယနေ့ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ချင်းမိုင်းမြို့ရှိ 700th Anniversary of Chiang Mai Stadium (Chiangmai) ၌ ကျင်းပမည့် U-22 ဘောလုံးအမျိုးသားပြိုင်ပွဲ အုပ်စု(ဂ) မြန်မာအမျိုးသားအသင်း၏ ဒုတိယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်**
**လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





ရန်ကုန်၊ ဒီဇင်ဘာ ၃၁

33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

စာမျက်နှာ ၁၈ သို့ ►

စာမျက်နှာ ၁၇ မှ အဆက် ►

သမားများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းကြီးတစ်ခုဖြစ်ပြီး မြန်မာ့လက်ရွေးစင်အကျော်အမော်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့် အစဉ်အလာကောင်းသော တိုင်းဒေသကြီးတစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ယခုလို အောင်မြင်မှုမျိုးရရှိခဲ့ခြင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် တိုင်းဒေသကြီးတစ်ခုလုံး နယ်ပယ်စုံ၊ ကဏ္ဍစုံဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင်လည်း ယခင်နှစ်များထက် ပိုမိုအောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစား၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ဝိုင်းဝန်းပံ့ပိုးပေးသွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အနေဖြင့်လည်း အားကစားလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အထူးအားပေးချီးမြှင့်လျက်ရှိပြီး အားကစားကွင်း/အားကစားရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်ရန် နောင်တွင်အိုလံပစ် အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်၍ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဓိက အားကစားကွင်းကြီးအတွင်း အားကစားနည်း ၈ မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ သန်လျင်မြို့နယ် အားကစားကွင်းတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်သွားနိုင်ရန်အတွက် ယခုလို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးတွင် နေရာအနှံ့ ပြည်သူလူထုအတွင်း အားကစားလှုပ်ရှားမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်စေရေးနှင့် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေးတို့အတွက် ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်း ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက သီဟဒီပအားကစားခန်းမ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အားပေးအပ်ခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းတို့က အသီးသီးလက်ခံရယူခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးသန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမအား တည်ဆောက်သည့် Mettle Zone Co,Ltd မှ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးမှ လက်ခံရယူခဲ့ပြီးနောက် Fitness Dance ၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ရိုးရာခြင်းလုံး အားကစားအဖွဲ့များမှ သရုပ်ပြဖျော်ဖြေခဲ့ပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်းတိတိအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

# Sport Sustainable Development အားကစား ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရေး အကြံပြုချက်များ အပိုင်း(၃)

ရဲလွင်အောင်(YU)

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီး ကတော့ ပြီးသွားပါပြီ။ ရွှေဆု (၃) ဆု ရသည်ဖြစ်စေ၊ ရွှေဆု (၃၀) မကရသည်ဖြစ်စေ၊ နိုင်ငံအလိုက်အဆင့်အနေနဲ့ (၇) မှာ ရှိနေမည် ဖြစ်ပါတယ်။ အဆင့် (၆) ကို တက်ဖို့ကတော့ ရွှေဆု (၅၀) ကျော် ရဖို့လိုတယ်ဆိုတာ ပြိုင်ပွဲအပြီး Medal Tally က ပြသနေပါတယ်။ မြန်မာ့အားကစား စဉ်ဆက်မပြတ်တိုးတက်စေရေး အကြံပြုချက် များ နောက်အဆင့်တစ်ခုတက်ဖို့ဆိုတာ ရွှေတံဆိပ်ပေါင်း (၄၀) ကျော်စီ ချီးမြှင့်တဲ့ ရေကူးနဲ့ ပြေးခုန်ပစ် အားကစားနည်းအပါအဝင် အိုလံပစ်အားကစားနည်းတွေကို တဖြည်းဖြည်း တိုးတက်အောင် လုပ်ဖို့လိုပါတယ်လို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၆) ရက်နေ့ ဒီဇင်ဘာ ပထမပတ် လမ်းလျှောက်ပွဲအပြီး မြန်မာ့အသံ MRTV နဲ့ Interview တစ်ခုမှာ ကျွန်တော်ဖြေခဲ့ဖူးပါတယ်။ အားကစားတိုးတက် အောင်မြင်ဖို့ဆိုတာ လူသားအရင်းအမြစ် H/R ဆိုတာ အားကစား သမားသာမက နည်းပြ၊ ဒိုင်၊ အုပ်ချုပ်သူ (Manager)တို့ရဲ့ ကဏ္ဍက လည်းအရေးကြီးပါတယ်။ အဲ့ဒီထဲကမှအားကစားဌာနနဲ့ အားကစား အဖွဲ့ချုပ်တို့အကြား လုပ်ငန်းအဆင်ပြေစေရေး တွဲဖက်တာဝန်ပေး ထားသော H/R အကြောင်းလေး အနည်းငယ်ရေးသားချင်ပါသည်။ ကျွန်တော်က အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်ခိုက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တစ်ခုသို့ လိုက်ပါခဲ့ဖူးပါသည်။ ကျွန်တော့်အတွေ့အကြုံအရ အားကစား အဖွဲ့ချုပ်တွင် တွဲဖက်ထမ်းဆောင်ခဲ့ကြသော လက်ရှိတာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်း/အရာရှိများမှာ အားကစားတာဝန် ဖြင့် နိုင်ငံခြားသွားရမည့် ကံဇာတာသာမက ရာထူးအခွင့်အရေး ပိုင်ဆိုင်မှုက ကျွန်တော်တို့ကဲ့သို့ သာမန်ရုံးလုပ်ငန်းသက်သက် တာဝန် ထမ်းဆောင်နေသူတွေထက် အခွင့်အရေးပိုမိုသာလွန်သည် ဟု မိမိလုပ်သက် အတွေ့အကြုံအရရေးလိုပါသည်။ တစ်ချို့လည်း မြန်မာ့လက်ရွေးစင်ဖြစ်ခဲ့ကြဖူးပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသူများလည်း ဖြစ်ကြသည်။ တစ်ချို့ကတော့ ပြည်နယ်/တိုင်း လက်ရွေးစင်ကစား ခဲ့ကြဖူးသူများ ဖြစ်ကြပါသည်။ တစ်ချို့ကတော့ အဖွဲ့ချုပ် သို့မဟုတ် အားကစားဌာနက ရွေးချယ်တာဝန်ပေးအပ်ကြ၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များတွင် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဒု-ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တာဝန်များကို တွဲဖက်တာဝန်ထမ်းဆောင်ကြ သည်။ တစ်ချို့ကြတော့လည်း နည်းပြတာဝန်၊ တစ်ချို့ကဒိုင်တာဝန် ထမ်းဆောင်ကြရသည်။ တစ်နည်းအားဖြင့် ၎င်းတို့မှာ မြန်မာ့ အားကစားလောက တိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာ က စဉ်ဆက်မပြတ် ဆောင်ရွက်နေသူများဟု တင်စားလိုပါသည်။

သို့သော် တစ်ချို့သောအားကစားနည်းများမှာ SEA Games အဆင့်တွင် ကြေးတံဆိပ်ပင် မိုင်ပေါင်းကုဋေမက အလှမ်းဝေးနေသော်လည်း မိမိအထက်ကတင်ပြသလို အခွင့်အရေးရကြပါသည်။

ထို့ကြောင့် အဆိုပါ SEA Games တွင် ကြေးတံဆိပ်နှင့် ကင်းဝေးနေသော အားကစားအဖွဲ့ချုပ်နှင့် ပက်သက်၍ အရှေ့တောင်အာရှ ပြိုင်ပွဲတစ်ပွဲတွင် ကြုံတွေ့ရပုံကလေးက အဆိုပါ အားကစားနည်း၏ Sustainable Development ကို ထိခိုက်မှုရှိစေ၍ သက်ဆိုင်သူများအား မည်သူ ကိုမျှ ပုဂ္ဂိုလ်ရေး ထိခိုက်စော်ကားရေးသားခြင်း မဟုတ်ပါ သိစေလို သောစေတနာဖြင့် ထည့်သွင်းရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

အဆိုပါအချိန်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲရဲ့ Event တစ်ခု ပြိုင်ပွဲစခါနီးအချိန် အဆိုပါကာလက ပြည်ထောင်စုဝန်ကြီး လာရောက်အားပေးကြည့်ရှုချိန် ယခုစာဖတ်ရှုသူ အဆိုပါ အချိန်ကို စိတ်ကူးပုံဖော်ကြည့်လိုက်ကြပါစို့။ အဆိုပါအချိန်မှာဘဲ ပုံမှန် အတိုင်း အုပ်ချုပ်သူတာဝန်ထမ်းဆောင်သူအပါအဝင် ဌာနမှ တာဝန်ဖြင့် လိုက်ပါကြသူများပါ ကြိုတင်ရောက်ရှိ ကြိုဆိုနေကြပါသည်။ ကျွန်တော်လည်း အဆိုပါ အဖွဲ့အနီးတွင်ရှိသည်။ ဝန်ကြီးနားသို့ အုပ်ချုပ်သူသာမက သက်ဆိုင်ရာပြိုင်ပွဲဝင် မြန်မာ Player ၏ နည်းပြများပါ ရောက်ရှိနေ ကြသည်။ အဆိုပါအချိန် ထိုပြိုင်ပွဲထုံးစံအရ ကစားသမားတစ်ဦး တာထွက်ပြီးနောက် တစ်ဦးပြီးမှတစ်ဦး တာထွက်သည်။ ထို့နောက် မြန်မာအလှည့်ရောက်ချိန် ပြိုင်ပွဲတာဝန်ရှိသူက မြန်မာကစားသမား ကို ခေါ်သည်။ အဲ့ဒီအချိန်ကျမှ မြန်မာအုပ်ချုပ်သူနှင့် နည်းပြများက မြန်မာကစားသမားကို ပျာပျာသလဲ အသည်းအသန် လိုက်ရှာ နေကြသည်။ မြန်မာအားကစားသမား တာထွက်ပြီးလျှင် တာထွက် ရမည့် မလေးရှားကစားသမားက Myanmar Sleeping ဟု ပြော သည်။ ကျွန်တော်က အဆိုပါ မလေးရှားကစားသမား နောက်ပြောင် ပြောဆိုနေသည်ဟု ထင်မိသည်။ မြန်မာအားကစားသမား ရှာနေကြ ချိန် ပြိုင်ပွဲကြီးကြပ်အဖွဲ့က Time Frame အရ မြန်မာတာထွက် ရမည့်အချိန် ကျော်လွန်သွား၍ နောက်က မလေးရှားကစားသမားကို တာလွှတ်ပေးလိုက်သည်။ နောက်မှ မြန်မာနည်းပြတို့က ပြိုင်ပွဲ ကျင်းပရာ အနီးအနားမှ နေရာလွတ်တစ်ခုတွင် အနားယူအိပ်ပျော် နေသော မြန်မာကစားသမားကို ခေါ်လာ၍ ပြိုင်ပွဲကြီးကြပ်ကို သတင်းပို့ကာ တာလွှတ်ပေးလိုက်သည်။ မြန်မာကစားသမား အနေဖြင့် အမှန်တကယ် တာလွှတ်ရမည့် အချိန်ထက် တစ်မိနစ်မက နောက်ကျသွားသည်။ ပြိုင်ပွဲစံချိန်က ကောင်းစရာမရှိတော့ ယခင် ကတည်းက ဆုရခက်သော အားကစားနည်း၊ ထို့ကြောင့် 1Minute ဆိုတာ ပြည်နယ်/တိုင်းအဆင့် အပြေးသမားတစ်ဦးအတွက် မီတာ ၄၀၀ ကွင်းတစ်ပတ် အတိုင်းအတာတစ်ခုမက ပေါက်ရောက်နိုင်တဲ့ အနေအထားပါ။

မြန်မာနိုင်ငံမှာ လေ့ကျင့်ခဲ့တဲ့အချိန် နိုင်ငံတော်စရိတ်တွေ အလ ဟဿဖြစ်ပြီလို့ အဲဒီအချိန်ကတည်းက ကျွန်တော်တွေးမိသည်။ မြန်မာနိုင်ငံ ပြန်ရောက်တော့ အဲဒီကိစ္စမေ့မေ့ပျောက်ပျောက်ပါဘဲ။ ကျွန်တော် မမေ့နိုင်ပါ။

ဆိုလိုချင်တာက ကစားသမားဆိုတာ ရတဲ့အချိန်လေး သူ့မှာရှိတဲ့ စိတ်ပူပင်မှု၊ စိတ် လေးလံမှု၊ စိတ်လှုပ်ရှားမှုကို အိပ်ချင်စိတ်လေးနဲ့ ဖြေဖျောက်ချင်လို့ ခဏအိပ်တာလည်း ဖြစ်နိုင်ပါတယ်။ အဓိက တာဝန်ရှိတာကနည်းပြပါ။ နည်းပြဟာ ကိုယ့်ကစားသမားကို အရိပ် တကြည့်ကြည့်နဲ့ နေရမည့်သူပါ။ ဒုတိယအရေးကြီးသူက အားကစား ဌာနအနေနဲ့ အဖွဲ့ချုပ်က ယုံကြည်စိတ်ချလို့ တာဝန်ပေးထားသူမို့ လို့ နည်းပြနဲ့ကစားသမားကို စောင့်ကြည့်ကာ လိုအပ်ချက်တွေကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်သူပါ။ ပြိုင်ပွဲစခါနီး အချိန်မှာ ကစားသမားကိုမေ့ထားပြီး လူကြီးထံလာပြီး မျက်နှာလို မျက်နှာရလုပ်တာမျိုးမဖြစ်သင့်ဟု ကျွန်တော့်အမြင် ရေးမိပါတယ်။ ဌာနနဲ့ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အကြား တာဝန်ယူဆောင်ရွက် သူများရဲ့ အခန်းကဏ္ဍသည်လည်း မြန်မာ့အားကစားအတွက် အရေး ပါသော ကဏ္ဍတစ်ရပ်ဖြစ်၍ အဆိုပါတာဝန်ကို ကျေပွန်အောင် ထမ်းရွက်နိုင်မည့် H/R များကို ဂရုတစိုက်ရွေးချယ်တာဝန်ပေးရန် လိုအပ်ပါကြောင်းအကြံပြုရေးသားလိုက်ရပါသည်။

နောင်ပြိုင်ပွဲများမှာ တာဝန်ကျေကျေနဲ့ ကစားသမားကိုသာ ဂရုစိုက်သော ဒိုင်၊ နည်းပြများ၊ အုပ်ချုပ်သူများ ဖြစ်ကြပါစေလို့ ဆုတောင်းရင်း ယခုဆောင်းပါးအား နိဂုံးချုပ်ပါရစေ။

# ၂၀၂၅ ခုနှစ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသား/ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



နေပြည်တော်၊ ဒီဇင်ဘာ ၂၆

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးသည် တာဝန်ရှိ သူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ရှိ Training Center Hall – 2 ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ယနေ့ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပျဉ်းမနားမြို့နယ်အသင်းနှင့် ဥတ္တရသီရိမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပျဉ်းမနားမြို့နယ်အသင်းက ဥတ္တရသီရိမြို့နယ်မြို့နယ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် ဥတ္တရသီရိ မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇမ္ဗူသီရိမြို့နယ်အသင်းက ဥတ္တရသီရိ မြို့နယ်အသင်းကို ကိုးဂိုး၊ သုံးဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ အမျိုးသား/အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိခဲ့ကြသူများကို နေပြည်တော် အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ၊ တံခွန်စိုက်ဆုဖလားများကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

အဆိုပါ အမျိုးသား/အမျိုးမီး ဖူဆယ်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ Training Center Hall – 2 ၌ ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့မှ အသီးသီးဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

## " နိုင်ငံအတွက်အလေးထား ဒီဇင်ဘာအားကစား"

အောင်သူ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေး၊ နိုင်ငံရေး သာမက လူထု၏ ကိုယ်ကာယ ကျန်းမာရေး၊ စိတ်ဓာတ်အင်အားနှင့် လူမှုညီညွတ်မှုတို့ပေါ်တွင်လည်း အလွန်အရေးပါပါသည်။ ထိုအချက်အလက်များကို အထောက်အကူပြုစေရန် "ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ" အမည်ဖြင့် လူထုစုပေါင်း လမ်းလျှောက်ပွဲများ၊ လူထုစုပေါင်းလှုပ်ရှားမှုများနှင့် လူထုပါဝင်သော အားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကျိုးကျေးဇူးအလွန်ကြီးမားပါကြောင်း အချက် (၃) ချက်ဖြင့် ဖော်ပြလိုပါသည်။

ပထမအချက် အနေဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် အားကစားလှုပ်ရှားမှုများသည် လူထု၏ ကိုယ်ကာယကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပါသည်။ နေ့စဉ်လှုပ်ရှားမှုနည်းပါးလာသည့် လူမှုဘဝအခြေအနေတွင် အားကစားကိုလူထုအဆင့်ဖြင့် အလေးထားဆောင်ရွက်ခြင်းက ကိုယ်အလေးချိန်ထိန်းသိမ်းရေး၊ နှလုံးနှင့် သွေးကြောကျန်းမာရေးကောင်းမွန်စေရေးအပြင် ရောဂါအန္တရာယ်များကိုလည်း လျော့နည်းစေပါသည်။ ကျန်းမာသောလူထုသည် နိုင်ငံတိုးတက်ရေး အတွက်အားထားရသော အင်အားအရင်းအမြစ်တစ်ရပ်ဖြစ်ပါသည်။

ဒုတိယအချက် အနေဖြင့် လူထုပါဝင်သော အားကစားလှုပ်ရှားမှုများသည် ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ကို မြှင့်တင်ပေးပါသည်။ အသက်အရွယ်၊ အလုပ်အကိုင်၊ လူမှုအဆင့်အတန်းမခွဲခြားဘဲ အားလုံးပူးပေါင်းပါဝင်နိုင်သော လမ်းလျှောက်ပွဲများနှင့် စုပေါင်းလှုပ်ရှားမှုများက ပြည်သူလူထုအချင်းချင်း နားလည်မှုတိုးပွားစေပြီး အမျိုးသားညီညွတ်ရေး စိတ်ဓာတ်ကိုခိုင်မာစေပါသည်။ ထိုသို့သော ညီညွတ်မှုသည် နိုင်ငံအတွက်အရေးကြီးသော လူမှုအင်အားဖြစ်လာပါသည်။

ထို့အပြင် "ဒီဇင်ဘာအားကစားလ" ကဲ့သို့ အထူးကာလ သတ်မှတ်၍ ကျင်းပခြင်းသည် အားကစားကိုလူထုဘဝအတွင်း အလေ့အကျင့်တစ်ရပ်အဖြစ် ထူထောင်ပေးနိုင်ပါသည်။ တစ်နှစ်တစ်ကြိမ် မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည့် လှုပ်ရှားမှုအဖြစ် အမြင်ပေါက်လာသည့်အခါ လူငယ်များမှစ၍ လူကြီးများအထိ အသက်အရွယ်မရွေး. .ကျား/မ မရွေး လူမျိုးဘာသာမခွဲခြားပဲ အားကစားကို အလေးထားစိတ်ဝင်စားလာစေပြီး နိုင်ငံတစ်ဝှမ်း အားကစားယဉ်ကျေးမှုတိုးတက်လာပါသည်။

တတိယအချက် အနေဖြင့် လူထုအားကစားလှုပ်ရှားမှုများသည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ပုံရိပ်ကိုလည်း ကောင်းမွန်စေပါသည်။ ကျန်းမာရေးနှင့်အားကစားကို အလေးထားသောနိုင်ငံအဖြစ် အသိအမှတ်ပြုခံရခြင်းသည် နိုင်ငံ၏လူမှုဖွံ့ဖြိုးရေးအဆင့်ကို ပြသနိုင်သလို နိုင်ငံသားများ၏ အမျိုးသားဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးပါသည်။

ထို့ကြောင့် "ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ" အမည်ဖြင့် လူထုစုပေါင်း လမ်းလျှောက်ပွဲများ၊ လူထုစုပေါင်းလှုပ်ရှားမှုများနှင့် လူထုပါဝင်သော အားကစားလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သင့်ပြီး ယင်းလုပ်ငန်းများသည် နိုင်ငံအတွက် ကျန်းမာသောလူထု၊ ညီညွတ်သော လူမှုအသိုင်းအဝိုင်းနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးနိုင်မည့် အရေးပါသော အခြေခံအုတ်မြစ် ဖြစ်သောကြောင့် "နိုင်ငံအတွက် အလေးထား ဒီဇင်ဘာအားကစား"အဖြစ် တင်စားရေးသားအပ်ပါတယ် ခင်ဗျား........